# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၈ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၆)


**လျင်မြန်စွာပြုလုပ်**

မကောင်းမှု၌ စိတ်သည်မွေ့လျော်တတ်၍
ကောင်းမှုကိုပြုသောအခါ နှံ့နှေးတတ်ရကား
မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်
ကောင်းမှုတို့ကို လျင်မြန်စွာပြုလုပ်ရာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၁၆)**

**ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်ဌာန/စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများ အချိုးကျကျ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်**

စာမျက်နှာ-၃

**မြေပြဿနာများကို ပြည်သူများမနစ်နာစေရန် ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ပြီး အမြန်ဆုံး ဆောင်ရွက်ပေးမည်**

စာမျက်နှာ-၈

# ၂၁ ရာစု ပင်လုံညီလာခံကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပေါ် အခြေခံ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား



**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပစဉ်** (သတင်းစဉ်)

**နေပြည်တော် မေ ၂၇**

၂၁ ရာစု ပင်လုံညီလာခံကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ် အခြေခံ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အခန်းကဏ္ဍသည် ဆက်ပြီး ရှင်သန်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပရာ UPDJC ၏ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"UPDJC ဖွဲ့စည်းပုံကိုတော့ ပြောင်းလဲရပါလိမ့်မယ်။ ဒါတွေကိုလည်း ဆက်ပြီးတော့ ဒီနေ့အစည်းအဝေးနဲ့ မနက်ဖြန် အစည်းအဝေးတွေမှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အပြောင်းအလဲဆိုတာကလည်း နိုင်ငံရေးအပြောင်းအလဲတွေနဲ့ ကိုက်ညီအောင် နောက်ပြီး နောင်အနာဂတ်မှာ

*စာမျက်နှာ ၄ ကော်လံ ၁* ◆




မြန်မာ့အလင်း

# ကျူးပြဿနာဖြေရှင်းကြရာဝယ်

မေ ၂၆ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများ၊ မြေကွက်လုသူများကို ထိထိရောက်ရောက် အရေးယူသွားတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။

လက်ရှိအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်း ကျူးကျော်အိမ်ခြေပေါင်း တစ်သိန်းကျော်နှင့် ကျူးကျော်နေထိုင်သူ လူဦးရေ လေးသိန်းကျော်တို့ ရှိနေသည်ဟုလည်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာကြသူများ ပုံစံအမျိုးမျိုးတို့ဖြင့် အခြေချနေထိုင်ကြသည်မှာ ဆယ်စုနှစ်တစ်ခုစာမက ကြာခဲ့ပြီဖြစ်သည်။ နိုင်ငံတွင် စီးပွားရေးကျဆင်းမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာမှုကြောင့် ဘဝရပ်တည်ရေးအတွက် ရှာဖွေစားသောက်ရန် ပိုမိုလွယ်ကူမည်ဟုယူဆကာ ရန်ကုန်သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ အထူးသဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားပြီးနောက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မူလသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးကာ ပြန်လည်ထူထောင်မှုများလည်း မလုပ်နိုင်တော့ဘဲ ရန်ကုန်သို့ရွှေ့ပြောင်း အခြေချမှုများ များစွာရှိခဲ့သည်။

ရန်ကုန်ဆင်ခြေဖုံးဒေသများတွင် ကျူးကျော်နေထိုင်မှုများအနက် ရိုးရိုးသားသား အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသူများအပြင် မူလရပ်ရွာဒေသများတွင် ဒုစရိုက်မှုကျူးလွန်ခဲ့ကြသူများပါ ဝင်ရောက်နေထိုင်မှုများရှိခဲ့သည်။ ကျူးကျော်ရပ်ကွက်များဖြစ်သည့်အလျောက် ရပ်ကွက်အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် အားနည်းချက်များရှိနေပြီး ဒုစရိုက်သမားလူမိုက်များက ဗိုလ်ကျစိုးမိုးနေသည့် ရပ်ကွက်များရှိကြောင်း၊ ၎င်းတို့ကပင် ကျူးကျော်များကို ထပ်မံဖန်တီးပြီး စီးပွားရေးဆန်ဆန် လုပ်ဆောင်လျက်ရှိကြောင်း သတင်းများကိုလည်း ကြားသိရသည်။

လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းနာမည်ခံများ၊ နိုင်ငံရေးပါတီနာမည်ခံများ၊ ဒုစရိုက်သမားလူမိုက်များ စသည်တို့ ရှုပ်ထွေးပါဝင်နေသည့် ကျူးကျော်ပြဿနာကို ဖြေရှင်းမည့် အစီအစဉ်တစ်ရပ်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ချပြသွားခဲ့ရာ ၎င်းအစီအစဉ်၌ ကျူးကျော်နေထိုင်သူများစာရင်း ကောက်ယူမှတ်တမ်းတင်ခြင်း၊ ယာယီနေရာထိုင်ခင်းများ ချထားပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ နေထိုင်ရန်အတွက် အခန်းပေးခြင်း စသည်ဖြင့် ကျူးကျော်နေထိုင်သူများ၏ဘဝကို ပြောင်းလဲမြှင့်တင်ပေးကာ သမိုင်းတွင်အောင် ဆောင်ရွက်ပေးသွားမည်ဟုလည်း ဆိုထားသည်။ အဆိုပါ အစီအစဉ်အတိုင်း အောင်မြင်ခဲ့ပါက နတ်လူသာခုခေါ်စရာ သမိုင်းဝင်ဆောင်ရွက်ချက်ဖြစ်လာနိုင်ပေသည်။

ရန်ကုန်မြို့ပြ၏ အမြစ်တွယ်နေသော အနာသဖွယ်ဖြစ်နေသည့် ကျူးကျော်ပြဿနာကို ဖြေရှင်းရာတွင် ပါဝင်ကြမည့် တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် အဆင့်ဆင့်သော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ကြရမည့်တာဝန်များကို မှန်မှန်ကန်ကန်၊ တိတိကျကျ၊ အဂတိကင်းစွာ ဆောင်ရွက်ကြရန် လိုသကဲ့သို့ ဘဝအခြေအနေအရ ကျူးကျော်နေထိုင်ကြရသူများအပေါ်တွင် စာနာထောက်ထားမှုဖြင့် ဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့အပြင် စီးပွားဖြစ် ကျူးကျော်သူများ၊ မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုဖွဲ့အကြမ်းဖက် မြေကွက်လုသူများကိုလည်း ဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။



## အမှတ်(၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် မေ ၂၇**

အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်း ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက်က သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၁ ဦး၊ မိသားစုဝင် အမျိုးသမီး ၁၄ ဦး၊ အမှတ်(၉) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ အမျိုးသားသွေးဌာန၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်ကိုးဦး၊ အမှတ်(၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၇ ဦး၊ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၅ ဦး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၀ တို့အပြင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၄ ဦး၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၀၊ အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၂၇ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သွေးလှူဒါန်းမှုမှာ မေ ၂၆ ရက်ထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း သွေးလှူဒါန်းမှု ၃၅၆၀၊ On Call သွေးလှူဒါန်းမှု ၁၁၆၆ ဦး စုစုပေါင်း ၄၇၂၆ ဦးရှိပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက် အမှိုက်များရှင်းလင်းပြီးသော်လည်း လာရောက်စွန့်ပစ်မြဲစွန့်ပစ်နေကြ၍ ထိရောက်စွာအရေးယူပေးစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တိုးတက်သာယာရေးအတွက် အဘက်ဘက်မှ ကြိုးစားလုပ်ကိုင် ဆောင်ရွက်လျက်ရှိရာ မုံရွာမြို့စည်ပင်သာယာရေးအဖွဲ့ကလည်း မြို့သန့်ရှင်းသာယာလှပရေးအတွက် မကြာသေးမီရက်များအတွင်းက ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက် အမှိုက်သရိုက်များ ရှင်းလင်းခဲ့သည်။ ထိုသို့ရှင်းလင်းပြီး ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက် စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ခြင်းမပြုကြရန်နှင့်တွေ့ရှိပါက ထိရောက်စွာအရေးယူမည်ဟူသော ကြော်ငြာဆိုင်းဘုတ်များကို စိုက်ထူထားသော်လည်း ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက် အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် စည်းကမ်းမဲ့စွာ အမှိုက်လာရောက်စွန့်ပစ်နေသူများကို သက်ဆိုင်ရာက ထိထိရောက်ရောက်အရေးယူပေးရန်ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**






## မြန်မာ-တရုတ်နယ်စပ် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

**လွယ်ဂျယ် မေ ၂၇**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့တွင် ကျပ်သိန်းတစ်ထောင်ကျော်ကုန်ကျခဲ့သော တရုတ်-မြန်မာ နယ်စပ်လမ်းမကြီး ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်းခဲ့ရာ ရာနှုန်းပြည့်ပြီးစီးခဲ့၍ မေ ၂၅ ရက် နံနက် ၁၀ နာရီက ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားသို့ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမင်းထွန်း၊ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ လွယ်ဂျယ်မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ ဦးစီးမှူးများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့၊ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက် ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၉.၅၆ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်ဌာန/စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများ အချိုးကျကျ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်




**နေပြည်တော် မေ ၂၇**

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သကဲ့သို့ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို အမိအရ မဆုပ်ကိုင်နိုင်ပါက မိမိတို့ လက်ရှိအခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးရသည့်အနေအထားနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများ တွေ့ကြုံလာနိုင်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော စီးပွားရေးဈေးကွက်နှင့်အညီ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်ဌာန/စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများ အချိုးကျကျ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (National Skills Development Forum) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၂ (MICC – 2) ၌ ကျင်းပစဉ် **(အပေါ်ယာပုံ)** ဒုတိယသမ္မတ ဦးမြင့်ဆွေက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) တွင် အာဆီယံနိုင်ငံများ အနေဖြင့် စီးပွားရေးပေါင်းစပ်မှုနှင့်အတူ "ဘုံ" အလုပ်သမားဈေးကွက်ဖြစ်ပေါ်စေရန် ဦးတည်ပြီး ဝန်ဆောင်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြင့် ယှဉ်ပြိုင်နိုင်မှုများ တိုးတက်ကောင်းမွန်ရန် အဓိပ္ပာယ်နှင့် စည်းမျဉ်းသတ်မှတ်မှု အစီအစဉ်များ တစ်ပြေးညီဖြစ်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်နေသည်။ ယင်းတို့မှာ ဘဝတစ်သက်တာ ပညာသင်ယူမှု (Lifelong Learning) ချောမွေ့စေခြင်း၊ အရည်အသွေး အသိအမှတ်ပြုမှု (Recognition of Qualification) တိုးတက်လာစေခြင်း၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့ပညာသင်ကြားနိုင်သော Credit Transfer စနစ်ကို အားပေးရန်နှင့် တိုးမြှင့်ခြင်း၊ လုပ်သားများ ခေတ္တရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု (Worker Mobility) တိုးမြှင့်ခြင်းနှင့် အမျိုးသားအဆင့်အရည်အသွေးမူဘောင် (National Qualification Framework- NQF) ထူထောင်ခြင်း စသည့် မူဝါဒများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက အလုပ်ရှင်များအား မေတ္တာရပ်ခံလိုသည်မှာ အလုပ်သမားများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိလာသည်နှင့်အမျှ မိမိတို့၏ လုပ်ငန်းတိုးတက်လာမည် ဖြစ်သည့်အတွက် အလုပ်သမားများကို လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေး အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံလူဦးရေ (၅၁ ဒသမ ၄)သန်းခန့်အနက် အလုပ်လုပ်နိုင်သောလူဦးရေ ၃၂ သန်းခန့်ရှိသည့်အတွက် အလုပ်လုပ်နိုင်သော လုပ်သားအင်အားပါဝင်မှုနှုန်း ၆၇ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်အကုန်မှစ၍ ဝင်ရောက်လာသော ASEAN Economic Community-AEC တွင် အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်သည့်အခါ မိမိတို့နိုင်ငံသားများ Skilled worker များဖြစ်ရန်အတွက် Vocational Training Centre အပြင် Testing Centre များလည်း တည်ထောင်ပြီး အမျိုးသားအဆင့် ကျွမ်းကျင်မှုအဆင့်အတန်းများ စိစစ်အကဲဖြတ်ပေး၍ မြန်မာလုပ်သားများအား အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလုပ်သမားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဝင်များ၊ အသင်းချုပ်၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ NGO၊ INGO များမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက အမျိုးသားအဆင့်လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပရသည့် အကြောင်းရင်းနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ကျွမ်းကျင်မှု "စံ" သတ်မှတ်ခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေးတို့ကို တင်ပြဆွေးနွေးပြီး နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၇**

တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် / ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# လူငယ်အကျိုးပြုအသုံးချ စိတ်ပညာအကြောင်း ဟောပြောမည်

**နေပြည်တော် မေ ၂၇**

စိတ်ပညာသည် လူနှင့် လူ့ပတ်ဝန်းကျင်ကို သိပ္ပံနည်းကျကျ လေ့လာသည့် ဘာသာရပ်ဖြစ်သည်။ စိတ်ပညာကို မိမိတို့ပတ်ဝန်းကျင်တွင် အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် **"လူတိုင်းအတွက် စိတ်ပညာ"** (Psychology for Everyone) အစီအစဉ်အရ လူထုအတွင်းသို့ စိတ်ပညာပြန့်ပွားရေးကို မြန်မာနိုင်ငံစိတ်ပညာအသင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ လူငယ်များနှင့်ပတ်သက်သည့် လူမှုရေးလုပ်ငန်းများ၊ ဆောင်ရွက်နေသူများ၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ လူငယ်ဖွံ့ဖြိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိတ်ဝင်စားသူ၊ လက်တွေ့ကွင်းဆင်း ဆောင်ရွက်နေသူများအတွက် ရည်ရွယ်လျက် လူငယ်ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုနှင့် ဆက်ဆံရေးပုံသွင်းခြင်း၊ လူငယ်ကိုယ်ကျင့်တရားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်ဆံရေးဆန့်ကျင်အပြုအမူ ပြဿနာများ လျော့ပါးစေရေးတို့အတွက် မြန်မာနိုင်ငံစိတ်ပညာအသင်းမှပါမောက္ခ ဒေါက်တာဦးခင်မြင့်(ငြိမ်း)က **"လူငယ်နှင့် အသုံးချစိတ်ပညာ"** ဟူသော ခေါင်းစဉ်ဖြင့် ဇွန် ၄ ရက် (စနေနေ့)တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ လမ်းမတော်မြို့နယ် ၉လမ်း အမှတ်(၂၁)ရှိ မြန်မာနိုင်ငံ စိတ်ပညာအသင်းရုံးခန်း၌ ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံ စိတ်ပညာအသင်းရုံးခန်း ဖုန်း-၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၄၊ ၀၁-၂၃၁၆၈၆၁ သို့ ကြိုတင်ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့ လက်တွဲလုပ်ကိုင်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရန်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ကမ္ဘာ့ဘဏ်မှ Country Manager Mr.Abdoulaye Seck ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီက မေခလာခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်မှ ကူညီပံ့ပိုးပေးနေသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းများ၊ ၂၀၁၅ ခုနှစ် ရေဘေးတွင် Post Disaster Needs Assessment of Floods and Landslides စာအုပ်ထုတ်ဝေခဲ့ခြင်းကိစ္စရပ်များ၊ Country Partnership Framework ကိစ္စရပ်များ၊ ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့ လက်တွဲလုပ်ကိုင်နေမှုများတွင် ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များ၊ အရေးပေါ်တုံ့ပြန်သည့်စနစ် အကောင်အထည်ဖော်မည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ လိုအပ်ချက်များအပေါ် ကမ္ဘာ့ဘဏ်မှ အနာဂတ်တွင် ကူညီပေးနိုင်သည့် နည်းလမ်းများအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပြည်ထောင်စုအစိုးရနှင့် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ရန်လို



**နေပြည်တော် မေ ၂၇**

ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကိုချိန်ခွင်လျှာညီမျှအောင် စီမံဆောင်ရွက်ရန်၊ တရားမျှတခြင်းကို ကရုဏာဖြင့် ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မှာကြားလိုက်သည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တွေ့ဆုံစည်းဝေးကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရအုပ်ချုပ်ရေးယန္တရားအသစ်စတင်ဆောင်ရွက်သည့်ကာလတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တွေ့ကြုံရသည့် အခက်အခဲများကို သိလိုပါကြောင်း၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် အချိတ်အဆက် မိမိညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အချိတ်အဆက်မိမှသာ အစိုးရအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရတို့အကြား ဆက်သွယ်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၌ တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်မှာကြားသည်။

ယနေ့ အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံသားများ၏ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို ချိန်ခွင်လျှာ ညီမျှအောင် စီမံဆောင်ရွက်ရန်၊ ပြည်သူများထံမှ မြေယာပြဿနာဆိုင်ရာ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ကြရာတွင် တရားမျှတခြင်းကို ကရုဏာဖြင့် တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ရန်၊ ဒုတိယသမ္မတ ဦးဆောင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် မြေယာသိမ်းဆည်းမှုများရပ်ဆိုင်းထားရေး ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ အုပ်ချုပ်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေအရာရှိချုပ်နှင့် ဥပဒေပညာရှင်များ၏ သဘောထားကို အလေးထားဆောင်ရွက်ကြရန်၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ လျော့နည်းပပျောက်စေရန်အတွက် အုပ်ချုပ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသာမက လူငယ်လူရွယ်များနှင့် ၎င်းတို့၏ မိဘများ ပါဝင်လာရေး အလေးထားဆောင်ရွက်ကြရန်၊ လူငယ်လူရွယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု တွင်ကျယ်နေခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစီအမံတစ်ခု ချမှတ်ဆောင်ရွက်ရန်၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော်လည်း လုပ်ပိုင်ခွင့်ကျော်လွန်၍ ဆောင်ရွက်သည့် အနေအထားမျိုးမဖြစ်စေရေး သတိပြုဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများ သွားလာမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ပြည်ထောင်စုအစိုးရအကြား ထိထိရောက်ရောက်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

◆ *ရှေ့စာမျက်နှာမှ*

ကျွန်မတို့ လိုအပ်ချက်တွေနဲ့လည်း ကိုက်ညီအောင် ပြောင်းလဲသင့်တဲ့နေရာမှာ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲခြင်းအားဖြင့် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုပြီးအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်လို့ ပြောင်းလဲရတာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

“အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ကိုယ်စားပြုတက်တာ မဟုတ်ပေမယ့်လည်း တောက်လျှောက်ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ဆက်သွယ်တဲ့အခါမှာ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါတဲ့ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအနေနဲ့ ညှိနှိုင်းဆွေးနွေးခဲ့တာ အများကြီးရှိပါတယ်။ အဲဒီအချိန်က ရပ်တည်ခဲ့တဲ့ မူဝါဒတွေအတိုင်း ဆက်လက်ပြီး ရပ်တည်သွားမှာပါ။ ဘာဖြစ်လို့ ပြောရသလဲဆိုတော့ အခုပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီကို ဖွဲ့စည်းတဲ့ကိစ္စတွေ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကနေ ခွင့်ပြုထားတဲ့ ပြုပြင်ပြောင်းလဲနိုင်တဲ့နေရာတွေမှာ ပြုပြင်ပြောင်းလဲမယ့် ကိစ္စတွေဟာ တစိုက်မတ်မတ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်ပြတဲ့မှုတွေအရ လုပ်သွားမှာပါ။ အခုမှ ပြောင်းလဲပြီး လုပ်သွားမှာမဟုတ်ပါဘူး”ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

“ယခုအစည်းအဝေးရဲ့ အဓိကရည်ရွယ်ချက်က ငြိမ်းချမ်းရေးဖြစ်စဉ်ဆက်လက်ပြီး ချောချောမွေ့မွေ့ဖြစ်စေဖို့ဖြစ်ပါတယ်။ MPC ကို ပြန်လည်ဖွဲ့စည်းရေးလည်းဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် ပြင်ဆင်ရေးဖြစ်ပါတယ်။ တချို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ ၂၁ ရာစု ပင်လုံညီလာခံကို တစ်ခုစီဖြစ်မှာလားလို့ မေးကြပါတယ်။ တစ်ခုတည်းပါ။ နာမည်တစ်ခုတည်းမဟုတ်ဘဲ နာမည်နှစ်ခုသုံးတယ်ဆိုတာက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆိုတာကလည်း အင်မတန်မှ တင့်တယ်ပြီး အများကနှစ်သက်တဲ့ နာမည်တစ်ခုဖြစ်သလို ၂၁ ရာစု ပင်လုံဆိုတာကလည်း အများနှစ်သက်တဲ့ဟာဖြစ်ပါတယ်။ နှစ်ခုစလုံးက အတူတူပါပဲ” ဟု ယနေ့အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အရင်နှစ် နိုဝင်ဘာလကရွေးကောက်ပွဲအောင်ပြီးတော့မှ တစ်မျိုးစိတ်ပြောင်းပြီးမှ လုပ်တာတွေ ဘာမှ မပါပါဘူး။ တစိုက်မတ်မတ်မှုအရ ငြိမ်းချမ်းရေးအတွက် လိုအပ်တယ်ထင်ပြီး တင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ကိုက်ညီစွာ ပြုပြင်ပြောင်းလဲဖို့သင့်တယ်လို့ ထင်တဲ့နေရာတွေမှာ ပြုပြင်ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒီမှာတက်လာတဲ့ UPDJC အဖွဲ့ဝင်တွေထဲမှာဆိုရင် တိုင်းရင်းသားတွေဘက်ကလည်း ပါပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေဘက်ကလည်း ပါပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေ ဘက်ကလည်း ပါပါတယ်။ အစိုးရဘက်ကလည်း ပါပါတယ်။ ဒီလို အဘက်ဘက်က ပါလာတဲ့နေရာမှာ အစိုးရဘက်ဆိုရင်တော့ ပုဂ္ဂိုလ်တွေက ပြောင်းသွားပါပြီ။ ထမ်းဆောင်တဲ့တာဝန်အရ ဆက်ပြီးပါတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အခုဝန်ကြီးတွေက အရင်ကဝန်ကြီးတွေ မဟုတ်ပေမယ့် အရင်ကပါဝင်လာခဲ့တဲ့ ဝန်ကြီးဌာနတွေကို ကိုယ်စားပြုပါတယ်” ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။

**ညီလာခံရဲ့ အဓိကလိုအပ်ချက်ကတော့ ထိထိမိမိနဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ဖို့ဖြစ်ပါတယ်။**
**ဒါကြောင့် CSO ဖိုရမ်တစ်ခု ထူထောင်မယ်လို့ မူအရ စဉ်းစားထားပြီး လုပ်သွားမှာဖြစ်ပါတယ်။**

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်တဲ့ သုံးယောက်ကတော့ အရင်ကတည်းက ပါဝင်ခဲ့တာပါ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေကလည်း အရင်ကတည်းက ပါဝင်ခဲ့တာ ဖြစ်ပါတယ်။ အခြားနိုင်ငံရေးပါတီများက ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေကလည်း အခုဒီအချိန် ဒီအစည်းအဝေးမှာတော့ ပါဝင်နေပါတယ်။ ဒါတွေက အပြောင်းအလဲရှိမယ်ဆိုတာ ကျွန်မပြောလိုပါတယ်။ အပြောင်းအလဲရှိမယ်ဆိုတာ ရွေးကောက်ပွဲ ရလဒ်အရတင်မဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ မူအရလည်း ပြောင်းလဲသင့်တယ်လို့ ထင်တဲ့နေရာတွေမှာ ပြောင်းလဲမှာဖြစ်ပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းများနဲ့ပတ်သက်လို့ရှိရင် မြန်မာနိုင်ငံမှာ လက်ရှိနိုင်ငံရေးအဖွဲ့အစည်း ၉၀ ကျော် ရှိပါတယ်။ ၉၀ ကျော်တဲ့ အဖွဲ့အစည်းများ အားလုံးကို ငြိမ်းချမ်းရေးညီလာခံထဲမှာ ကိုယ်စားပြုရေး၊ မပြုရေးဆိုတာ တစ်ယောက်နဲ့တစ်ယောက် သဘောထားတူညီမှုတွေ မရှိပါဘူး။ ကျွန်မတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ အရင်တုန်းကလည်း ပြောခဲ့ပါတယ်။

“အခုလည်း အဲဒီမူအတိုင်း ဆက်လက်ရပ်တည်သွားမှာပါ။ နိုင်ငံရေးအဖွဲ့အစည်းများရဲ့ပါဝင်မှုဟာ နိုင်ငံရေးအဖွဲ့အစည်းများက ပြည်သူလူထုကို လွှတ်တော်အသီးသီးမှာ ကိုယ်စားပြုမှုအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ရမယ်လို့ ယုံကြည်ပါတယ်။ ပြောချင်တာက ၉၀ ကျော်သော နိုင်ငံရေးပါတီအားလုံး မဟုတ်ဘဲနဲ့ လွှတ်တော်တစ်ခု သို့မဟုတ် တစ်ခုမှာ အနည်းဆုံး ကိုယ်စားလှယ် တစ်ဦးပါဝင်တဲ့ နိုင်ငံရေးပါတီများကိုသာ ငြိမ်းချမ်းရေးညီလာခံထဲမှာ ကိုယ်စားလှယ်အဖြစ်နဲ့ ထည့်ဖို့ဆိုတာကို ကိုင်စွဲထားပါတယ်။ ဒီလိုပြောခြင်းအားဖြင့် ကျန်တဲ့ နိုင်ငံရေးပါတီတွေဟာ ငြိမ်းချမ်းရေးညီလာခံနဲ့ ဆက်စပ်မှုမရှိတော့ဘူးလားဆိုပြီးတော့ မေးခွန်းထုတ်နိုင်ပါတယ်။ ဆက်စပ်မှုရှိပါတယ်။ ဘာလို့လဲဆိုတော့ လူမှုအဖွဲ့အစည်း (CSO) တွေပေါ့။ CSO ရဲ့ ကဏ္ဍနဲ့ပတ်သက်လို့လည်း တချို့ကမေးပါတယ်။ CSO ကဏ္ဍဆိုတာ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ သမိုင်းအရ ကျွန်မတို့ ကမ္ဘာကြီးရဲ့ ခေတ်သစ်သမိုင်းအရ အမျိုးမျိုးပုံစံတွေနဲ့ ပါဝင်ခဲ့ကြပါတယ်။ တချို့နိုင်ငံတွေမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲထဲမှာ ထည့်ပြီးတော့ လုပ်ဆောင်တာတွေလည်း ရှိတယ်။ တချို့ကျတော့ မျဉ်းပြိုင်အနေနဲ့ ဖိုရမ်တစ်ခုအနေနဲ့ CSO တွေက ပါဝင်ပြီးတော့ ဆောင်ရွက်တာတွေလည်းရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဒုတိယနည်းလမ်းကို သွားမယ်ဆိုပြီးတော့ စဉ်းစားထားပြီးဖြစ်ပါတယ်”ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသွားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဋ္ဌက “ကျွန်မတို့ နိုင်ငံမှာ လူမှုအဖွဲ့အစည်း (CSO) တွေလည်းများလာပါပြီ။ CSO တွေကိုပါ ငြိမ်းချမ်းရေး ညီလာခံထဲမှာ ထည့်လိုက်မယ်ဆိုရင် အင်မတန်မှ ဖောင်းပွသွားနိုင်ပါတယ်။ ညီလာခံရဲ့ အဓိက လိုအပ်ချက်ကတော့ ထိထိမိမိနဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို အကောင်အထည် ဖော်ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် CSO ဖိုရမ်တစ်ခု ထူထောင်မယ်လို့ မူအရ စဉ်းစားထားပြီး လုပ်သွားမှာဖြစ်ပါတယ်။ ဒီနေ့ အဓိကကတော့ UPDJC ကို ပြန်လည်ဖွဲ့စည်းရေးပဲဖြစ်ပါတယ်။ UPDJC ပြန်လည်ဖွဲ့စည်းတဲ့ကိစ္စတွေမှာ အခုလက်ရှိ UPDJC ထဲမှာ ပါနေတဲ့ အဖွဲ့ဝင်တွေအားလုံးရဲ့အထင်အမြင်တွေကို သိချင်ပါတယ်။ အသစ်ပါဝင်လာတဲ့ အဖွဲ့ဝင်တွေနဲ့ အမြင်တွေကိုလည်း တင်ပြမှာဖြစ်ပါတယ်။

“ဒီလို အမြင်ချင်းဖလှယ်ပြီးတော့ နောက်ဆုံး ဆုံးဖြတ်ချက်ကိုချမှာပါ။ သိပ်ပြီးတော့ အချိန်ဆွဲလို့လည်း မရပါဘူး။ UPDJC ပြန်လည်ဖွဲ့စည်းရေးကို အမြန်ဆုံးပြီးအောင် လုပ်ရမယ်ဆိုတာဟာ ဒါကိုဖွဲ့စည်းပြီးမှ ငြိမ်းချမ်းရေးညီလာခံ အထူးပြင်ဆင်မှုတွေကို ဆက်လက်ပြီးတော့ လုပ်ကိုင်သွားနိုင်မှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ပြန်လည်ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ပြင်ဆင်ဖွဲ့စည်းမှု၊ ရှေ့လုပ်ငန်းစဉ်များ ပြန်လည်သတ်မှတ်မှုတို့ကို မေ ၂၈ ရက် အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

အစည်းအဝေးသို့ ပြည်ထဲရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်း

**နေပြည်တော် မေ ၂၇** မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ (မိုး/ဇလ)

# ရုပ်သံလုပ်ငန်းများ ညီညွတ်မျှတစွာလုပ်နိုင်ရေး ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး




**နေပြည်တော် မေ ၂၇**

ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ (**ယာပုံ**) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်မြင်သံကြားနှင့် အသံလွှင့် ဥပဒေသည် ရုပ်သံလုပ်ငန်းများ ညီညွတ်မျှတစွာ လုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ယခု ဥပဒေကို ပြည်တွင်းပြည်ပ ပညာရှင်များ၊ပြည်သူ့ကိုယ်စားလှယ်များ၊ ရုပ်သံကျွမ်းကျင်သူများဖြင့် ညှိနှိုင်းကာ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ယခု ဥပဒေနှင့်ပတ်သက်ပြီး ဘာတွေပြင်ဆင်မည်ကို ဆွေးနွေးမည်ဖြစ်ကြောင်း။

ယခု ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ သို့သော် ဥပဒေပုဒ်မ ၁၀၃ တွင် ဥပဒေပြဋ္ဌာန်းသည့်ရက်မှ ခြောက်လအတွင်း ကောင်စီဖွဲ့စည်းရမည်ဟု ထည့်သွင်းထားသော်လည်း ယနေ့အထိ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ဥပဒေ၏ နောက်ဆုံးပိုင်းဖြစ်သော ပုဒ်မ ၁၀၆ တွင် နည်းဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဟု ပါရှိကြောင်း၊ ယင်းသည် ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း။

ရုပ်သံလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့များ ယနေ့တွင် များပြားလာသည့်အတွက် တန်းတူလုပ်ကိုင်လိုလာကြကြောင်း၊ အခွင့်အလမ်းတန်းတူ ရရှိရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းရှာရန် ယနေ့အစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် The Centre for Law and Democracy မှ Executive director ဖြစ်သူ Mr. Toby Mendal နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ DVB၊ မြစ်မခ၊ မဇ္ဈိမ၊ Forever Group ၊ Eleven မီဒီယာ၊ Myanmar Cable Network၊ ကမာရွတ်မီဒီယာ ၊ DW Academy တို့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ Article 19 အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့်ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ သတင်းဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲပထမပိုင်း ရလဒ်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံလွှင့် ဥပဒေတွင် ပြင်ဆင်သင့်သည်များ ပြင်ဆင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီဝင်များ၊ မီဒီယာဖွံ့ဖြိုးရေး မိတ်ဖက်များက အကြံပြုသည့် နိုင်ငံတကာ မီဒီယာဥပဒေကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ဖြင့် ဆောင်ရွက်သွားရန်၊ တစ်ချိန်တည်းတွင် နည်းဥပဒေရေးဆွဲရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး Broadcast Council ဖွဲ့စည်းရေးအတွက်လည်း အဆိုပါအဖွဲ့က အထောက်အကူပြုသွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဒုတိယပိုင်းရလဒ်အဖြစ် ယခုကဲ့သို့ ဥပဒေပြင်ဆင်ဆဲကာလတွင် လုပ်ကိုင်နိုင်စွမ်းရှိသည့် လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သူများ ပေါ်ထွန်းလာရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရှိပြီး အခြေခံအဆောက်အအုံများကို အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများကို ဖိတ်ခေါ်၍ ဒုတိယအကြိမ် တွေ့ဆုံပြီး အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

**(သတင်းစဉ်)**

---

*❍ ကျောဖုံးမှ*

ထို့နောက် ရိက္ခာဆန်များ ပူတာအိုလေဆိပ်သို့ ရောက်ရှိလာရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းထိုက်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူတို့၏ ကြီးကြပ်မှု ဖြင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခလရ(၄၆)တပ်မတော်သားများ ပူးပေါင်းမှုဖြင့် လေဆိပ်မှ သိုလှောင်မည့်နေရာသို့ ကားသုံးစီးဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခေါင်လန်ဖူးမြို့နယ်အတွက် ထောက်ပံ့ဆန်အိတ် ၁၂၀၀ ကို အဆိုပါလေယာဉ်ဖြင့် ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး ဆန်အိတ်များ ခေါင်လန်ဖူးမြို့နယ်သို့ အမြန်ရောက်ရှိရေးအတွက် ရာသီဥတုအခြေအနေအရ အချိန်မီဆက်လက်ပေးပို့နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၈ ရက်တွင်လည်း ဆန်အိတ်များကို တပ်မတော်လေယာဉ်ဖြင့် ပူတာအိုမြို့သို့ ထပ်မံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြစ်ကြီးနား-ပူတာအို ကားလမ်းအတိုင်း ဆန်အိတ်များကို ပထမအကြိမ် ဖေ ၁၁ ရက်က မော်တော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးခဲ့ပြီး အဆိုပါ ဆန်အိတ်များကို ပူတာအိုမြို့မှတစ်ဆင့် ခေါင်လန်ဖူးဒေသသို့ ထပ်မံပေးပို့သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆန်အိတ်များကို ပူတာအိုခရိုင်ရှိ မြို့နယ်များနှင့် ခေါင်လန်ဖူးမြို့ပေါ်ရှိ ဝန်ထမ်းများ၊ ဒေသခံပြည်သူများထံ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန် / ဆက်)**

---

# ကဆက်ဗဟီးယားလမ်းစဉ် လိုက်ကြပါစို့

**═ သင်္ဂဟ ═**

မြန်မာစကားမှာ မရှိခိုးနိုး၊ မလှ စုန်းယိုးဆိုတဲ့ စကားပုံရှိပါတယ်။ မရှိဆင်းရဲသားတွေအပေါ် မယုံသင်္ကာဖြစ်တတ်တဲ့ သဘောကိုပြောတာပါ။ ရာဇဝတ်သားတချို့ကလည်း ဆင်းရဲငတ်ပြတ်မှုရဲ့ ဖိစီးမှုဒဏ်ကိုမခံနိုင်လို့ ဥပဒေကိုချိုးဖောက်တဲ့ဘဝမျိုး ရောက်လာကြတာပါ။ ဒါပေမယ့် ဆင်းရဲချို့တဲ့တဲ့ ပြည်သူအများစုက ကြုံရာကျပန်းအလုပ်မျိုးပဲဖြစ်ဖြစ် ရရာလုပ်ကိုင်ပြီး ဘဝကို ရိုးရိုးသားသား ရုန်းကန်နေကြတာပါ။ ပြဿနာက နေရာအတည်တကျမရှိ၊ အလုပ်အကိုင် အတည်တကျမရှိတဲ့ ဆင်းရဲသားပြည်သူတွေကို ယုံယုံကြည်ကြည် ကူညီမယ့်သူမရှိတော့ ဆင်းရဲခြင်းသံသရာကနေ ရုန်းမထွက်နိုင်တာပါ။ ဒီလူ့သဘာဝကို တွန်းလှန်ရိုက်ချိုးပြီး ဆင်းရဲသားပြည်သူတွေအပေါ် ယုံကြည်မှုအပြည့်ထားပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာအောင် ဦးဆောင်ဖန်တီးလုပ်ကိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ဆင်မြူရယ်ကလိန်း (Samuel Klein)ပါ။ ဆင်မြူရယ်ကလိန်းဟာ ပိုလန်နိုင်ငံကနေ ဘရာဇီးနိုင်ငံကို ပြောင်းရွှေ့အခြေစိုက်ပြီး လမ်းဘေးဈေးသည်ဘဝကနေ သူဌေးကြီးဘဝကိုရောက်အောင် ရုန်းကန်ကြိုးပမ်းခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ဆင်မြူရယ်ကလိန်းက လူမွဲဆင်းရဲသား ဘရာဇီးပြည်သူတွေအတွက် အဓိကထား ဆောင်ရွက်တဲ့ ကဆက်ဗဟီးယား (Casas Bahia) ကုန်တိုက်ကြီးကို အောင်အောင်မြင်မြင် ထူထောင်လုပ်ကိုင်ခဲ့ပါတယ်။ လူမွဲဆင်းရဲသားပြည်သူတွေအတွက်ဆိုတော့ ချောက်ချီး ချောက်ချက်ပဲ၊ လုပ်ငန်းမျိုးပဲဖြစ်မှာပဲလို့ မတွေးလိုက်ပါနဲ့။ ၂၀၁၄ ခုနှစ်မှာ ကဆက်ဗဟီးယားရဲ့ ဝန်ထမ်းပေါင်းက ၅၇၀၀၀ ရှိပြီး ကဆက်ဗဟီးယားကုန်တိုက်ရဲ့ဝင်ငွေက အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံလောက်ကို ရှိပါတယ်။ ကဆက်ဗဟီးယားဟာ ဘရာဇီးနိုင်ငံရဲ့ အကြီးမားဆုံးကုန်တိုက်ကြီးတွေထဲက တစ်ခုပါ။

ကဆက်ဗဟီးယားကုန်တိုက်ရဲ့ ဖောက်သည်တွေကို ကြည့်လိုက်ရင် ၇၀ ရာခိုင်နှုန်းဟာ ပုံမှန်ဝင်ငွေမရှိပါဘူး။ ပုံမှန်ဝင်ငွေမရှိတဲ့သူတွေကို ဘယ်လိုလုပ်ရောင်းမှာလဲလို့ တွေးပြီးယုံရခက်ကြီးဖြစ်နေမှာပါ။ ကဆက်ဗဟီးယား ကုန်တိုက်က သူ့ဖောက်သည်တွေကို အရစ်ကျဝယ်ယူခွင့်စာအုပ် (Pass book) လေးတွေ ထုတ်ပေးထားပါတယ်။ ဒီစာအုပ်ကို သုံးပြီး ဖောက်သည်တွေဟာ ကဆက်ဗဟီးယားကုန်တိုက်မှာ ကြိုက်ရာပစ္စည်းဝယ်ယူခွင့်ရှိပါတယ်။ ကဆက်ဗဟီးယားကုန်တိုက် အရောင်းပမာဏရဲ့ ၉၀ ရာခိုင်နှုန်းဟာ အရစ်ကျဝယ်ယူခွင့်စာအုပ်နဲ့ ရောင်းရတာပါ။ အရောင်းပမာဏရဲ့ ၆ ရာခိုင်နှုန်းပဲ လက်ငင်းငွေချေတာပါ။ အကြွေးကတ် (Credit Card) နဲ့ ငွေချေတာက ၄ ရာခိုင်နှုန်း ရှိပါတယ်။

> **ဆင်မြူရယ်ကလိန်းရဲ့ဆောင်ပုဒ်က ကုန်တိုက်ထဲကို ဖောက်သည်အနေနဲ့ဝင်လာပြီး မိတ်ဆွေအနေနဲ့ ပြန်ထွက်စေရမယ်ဖြစ်တော့ ကဆက်ဗဟီးယားကုန်တိုက် အောင်မြင်တာကို အံ့ဩစရာမရှိပါဘူး။ ကဆက်ဗဟီးယားကုန်တိုက်အောင်မြင်မှုကို စနစ်တကျအကွက်ချပုံဖော်ထားပြီး ဝန်ထမ်းတွေကို သေသေချာချာ လေ့ကျင့်ပျိုးထောင်ပေးပါတယ်**

ကဆက်ဗဟီးယားကုန်တိုက်လုပ်ငန်း လည်ပတ်ပုံစနစ်မှာ ပင်မကျောရိုးက ချေးငွေအာဏာပိုင်အဖွဲ့ (Service of Credit Protection-SCP)ပါ။ ကဆက်ဗဟီးယားကုန်တိုက်မှာ အရစ်ကျစနစ်နဲ့ ကုန်ပစ္စည်းတွေဝယ်ချင်ရင် အရင်ဆုံး ချေးငွေအာဏာပိုင်အဖွဲ့ (SCP)ကနေ ချေးငွေပေးသင့်ပါတယ်ဆိုတဲ့ ထောက်ခံချက်ကို ရယူရပါတယ်။ ချေးငွေအာဏာပိုင်အဖွဲ့ (SCP) ကလည်း ပေးသင့်တယ်(ဒါမှမဟုတ်) မပေးသင့်ဘူးဆိုတဲ့ မှတ်ချက်နှစ်မျိုးကိုပဲ ပေးပါတယ်။ ဝယ်မယ့်ပစ္စည်းရဲ့တန်ဖိုး ဒေါ်လာ ၁၇၀ လောက်အထိကို အရစ်ကျဝယ်ယူခွင့်စာအုပ်ရှိရုံနဲ့ ဝယ်နိုင်ပါတယ်။ ပစ္စည်းရဲ့တန်ဖိုးက ဒေါ်လာ ၁၇၀ အထက်ကျော်ခဲ့ရင်တော့ ကုန်တိုက်မှာ တပ်ဆင်ထားတဲ့ ကွန်ပျူတာစနစ်မှာ အချက်သုံးချက် ရိုက်ထည့်လိုက်ရုံနဲ့ တစ်မိနစ်အတွင်း အများဆုံးခွင့်ပြုတဲ့ အရစ်ကျဝယ်ခွင့်ငွေပမာဏကို သတ်မှတ်ပေးပါတယ်။ အချက်သုံးချက်ကလည်း ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ ဖောက်သည်ရဲ့ အလုပ်အကိုင်၊ စုစုပေါင်းဝင်ငွေနဲ့ ခန့်မှန်းကုန်ကျစရိတ်တို့ပါ။ ကွန်ပျူတာစနစ်က ကိုယ်လိုသလောက် ခွင့်မပြုလည်း စိတ်ပျက်စရာ မလိုပါဘူး။

ကဆက်ဗဟီးယားကုန်တိုက်မှာ အချိန်ပြည့်ရှိနေတဲ့ ချေးငွေအတိုင်ပင်ခံတစ်ယောက်ယောက်နဲ့ ဆွေးနွေးညှိနှိုင်းလိုက်ရင် ချေးငွေအတိုင်ပင်ခံက ၁၀ မိနစ်အတွင်း ဆုံးဖြတ်ချက်ချပေးပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ကဆက်ဗဟီးယားကုန်တိုက်အားလုံးကို ကုန်တိုက်ရဲ့ ကိုယ်ပိုင်ကွန်ပျူတာကွန်ရက်နဲ့ ချိတ်ဆက်ထားပြီး ကုန်တိုက်တိုင်းရဲ့အချက်အလက်အားလုံးကို အချိန်နဲ့တစ်ပြေးညီ ကြည့်နိုင်ပါတယ်။ ကဆက်ဗဟီးယားကုန်တိုက်ရဲ့ အောင်မြင်မှုမှာ စီမံခန့်ခွဲမှုစနစ်ကလည်း အဓိကကျပါတယ်။ ကဆက်ဗဟီးယားကုန်တိုက် မန်နေဂျာတွေဟာ အရစ်ကျဝယ်ယူခွင့်ကိစ္စတွေကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ကုန်တိုက်မန်နေဂျာရဲ့အထက်မှာ ဒေသဆိုင်ရာမန်နေဂျာနဲ့ ဗဟိုစီမံခန့်ခွဲမှုပဲရှိတော့ လိုအပ်ခဲ့ရင်ဆုံးဖြတ်ချက်တွေကို တစ်ထိုင်တည်းဆိုသလို ချလို့ရပါတယ်။

အရစ်ကျဝယ်ယူတဲ့စနစ်ဖြစ်လို့ ဝယ်ယူသူက အတိုးပေးရပါတယ်။ ခြောက်လ သက်တမ်းချေးငွေအတွက် တစ်လ ၄ ဒသမ ၁၃ ရာခိုင်နှုန်းယူတော့ များတယ်လို့ မပြောနိုင်ပါဘူး။ ဘရာဇီးချေးငွေကုမ္ပဏီတွေက တစ်လကို ၁၄ ရာခိုင်နှုန်းလောက်အထိ ယူပါတယ်။ အရစ်ကျငွေ အချိန်မှန်မှန်ပေးတဲ့ဖောက်သည်ကို အဝါရောင်ကတ်ထုတ်ပေးပြီး အဝါရောင်ကတ်ဟာ ပစ္စည်းတန်ဖိုးကြီးကြီးတွေကို အလွယ်တကူ ဝယ်ယူခွင့်ရတဲ့နေရာမှာ အခရာကျပါတယ်။ ဆင်မြူရယ်ကလိန်းရဲ့ ဆောင်ပုဒ်က ကုန်တိုက်ထဲကို ဖောက်သည်အနေနဲ့ ဝင်လာပြီး မိတ်ဆွေအနေနဲ့ ပြန်ထွက်စေရမယ်ဖြစ်တော့ ကဆက်ဗဟီးယားကုန်တိုက် အောင်မြင်တာကို အံ့ဩစရာမရှိပါဘူး။ ကဆက်ဗဟီးယားကုန်တိုက် အောင်မြင်မှုကို စနစ်တကျအကွက်ချပုံဖော်ထားပြီး ဝန်ထမ်းတွေကို သေသေချာချာ လေ့ကျင့်ပျိုးထောင်ပေးပါတယ်။ ကွန်ပျူတာစနစ်ကို တည်ဆောက်အသုံးပြုပါတယ်။ နောက် အရေးကြီးတဲ့အချက်ကတော့ ကဆက်ဗဟီးယားကုန်တိုက်ဝင်ငွေရဲ့ ၃ ရာခိုင်နှုန်းကို ကြော်ငြာကုန်ကျစရိတ်အတွက် သီးသန့်သတ်မှတ်သုံးစွဲတာပါ။ မြန်မာနိုင်ငံရဲ့ကြွယ်ဝချမ်းသာတဲ့ ကုမ္ပဏီတွေကသာ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုပြီး ကုမ္ပဏီအတွက်လည်း အကျိုးအမြတ်ရှိတဲ့ ကဆက်ဗဟီးယားကုန်တိုက်လို ကုန်တိုက်ကြီးမျိုး ကြိုးပမ်းထူထောင်ခဲ့ရင် နတ်လူသာခုခေါ်ကြမှာပါ။ ။

# ဆေးပညာသတင်းဆန်းများ (၁၃၃)

ဒေါက်တာကံညွန့်

**အဝလွန်ကလေးများ နှလုံးရောဂါဖြစ်နိုင်**



ယခုဖော်ပြလိုတဲ့သတင်းကတော့ ကလေးတွေနှင့်ဆိုင်ပါတယ်။ ကလေးတွေမှာ အဝလွန်ပြဿနာရှိလာရင် နှလုံးရောဂါပါပူးတွဲဖြစ်ပေါ်နိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီတွေ့ရှိချက်ကို လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလမှာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့မှာပြုလုပ်ခဲ့တဲ့ American Heart Association ရဲ့ ဆွေးနွေးချက်မှာ တင်ပြခဲ့တာပါ။ ဒါကို တွေ့ရှိခဲ့သူတွေကတော့ Pennsylvania Geisiger Health Department က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ အဝလွန်ဖြစ်နေသူ ကလေး ၂၀ နှင့် သာမန်အလေးချိန်ရှိသူ ကလေး ၂၀ ကို M.R.I (Magnetic Resonace Imaging) နည်းနှင့် စမ်းကြည့်ခဲ့တာဖြစ်ပါတယ်။ ဒီလိုစမ်းကြည့်လိုက်တဲ့အခါ အဝလွန်ဖြစ်နေတဲ့ ကလေး ၂၇ရာခိုင်နှုန်းမှာ နှလုံးကြွက်သား(Left Venticle)ဟာ သာမန်ထက် ပိုကြီးနေတာတွေ့ရပြီး ၁၂ရာခိုင်နှုန်းမှာတော့ နှလုံးကြွက်သားတစ်ခုလုံး သာမန်ထက် ပိုထူထပ်နေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီလိုပြောင်းလဲနေမှုနှစ်ခုစလုံးဟာ နှလုံးရောဂါဖြစ်နိုင်ခြေရှိတဲ့လက္ခဏာတွေပဲလို့ ဆိုပါတယ်။ ဒီအခြေအနေဟာ အဝလွန်ကလေးမှာ ဆီးချိုရောဂါပါ ပူးတွဲရှိခဲ့ရင် ပိုဆိုးနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကလေးမိဘတွေဟာ ကိုယ့်ကလေးအဝလွန်မဖြစ်အောင် တီဗွီ၊ ကွန်ပျူတာဂိမ်းဆော့ခြင်းကို လျှော့ပြီး ကိုယ်လက်လှုပ်ရှားမှုပြုလုပ်စေခြင်း၊ အာဟာရနှင့် စားသောက်ပုံစနစ်ကို




သက်ဆိုင်ရာ ကလေးဆရာဝန်တွေနှင့်တိုင်ပင်ပြီး ငယ်စဉ်ကပင် အဝလွန်မဖြစ်အောင် ကာကွယ် နေထိုင်သင့်ကြောင်း အကြံပြုထားသည်ကို တင်ပြလိုက်ရပါတယ်။

**ဆီးချိုကြောင့် နှလုံးရောဂါဖြစ်နိုင်ချေကို လျှော့ချမယ့်ဆေးသစ်**


နောက်ဖော်ပြလိုတဲ့သတင်းကတော့ ဆီးချိုရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းပါ။ အမှတ်(၂) ဆီးချိုရောဂါရှင်တွေဟာ သာမန်ဆီးချိုမရှိသူတွေထက် နှလုံးရောဂါဖြစ်နိုင်ချေ သုံးဆ သို့မဟုတ် လေးဆ ပိုရှိတယ်။ ဒါပေမယ့် အခုအသစ်ပေါ်လာတဲ့ ဆီးချိုဆေးကတော့ နှလုံးရောဂါဖြစ်နိုင်ချေကို အထူးလျှော့သွားနိုင်စေတယ်လို့ ဆိုပါတယ်။ ဒီဆေးနာမည်ကတော့ Jardiance လို့ခေါ်ပြီး ဆေးရဲ့ဓာတုဗေဒနာမည်က Empagliflozin ဖြစ်ပါတယ်။ ဒီဆေးကို Elilily Company က ထုတ်လုပ်တာဖြစ်ပါတယ်။ ဒီဆေးဟာ အသစ်တစ်မျိုးဖြစ်ပြီး SGLT2 Inhibitor အမျိုးအစားဖြစ်ပါတယ်။ ဒီဆေးအာနိသင်အရ သွေးထဲကအချိုဓာတ်ကို ဆီးကတစ်ဆင့် ထွက်သွားစေနိုင်တယ်လို့ ဆိုပါတယ်။ ဒီဆေးကို ပထမအဆင့်အနေနှင့် ဆီးရောဂါရှင် ခုနစ်ထောင်ကျော်မှာ စမ်းသပ်အသုံးပြုခဲ့ရာမှာ သေဆုံးမှုနှုန်း ၃၂ရာခိုင်နှုန်းခန့် လျှော့ချနိုင်တာကို တွေ့ရတယ်လို့ဆိုပါတယ်။ နောက်ထပ်စမ်းသပ်မှုတစ်ခုမှာတော့ ဒီဆေးသုံးစွဲမှုကြောင့် နှလုံးရောဂါဖြစ်ပြီး ဆေးရုံတင်ကုသရမှုနှင့် သေဆုံးမှုနှုန်း ၃၈ရာခိုင်နှုန်း လျှော့ချနိုင်တယ်လို့ဆိုပါတယ်။ ဒီဆေးဟာ တစ်နေ့ တစ်ကြိမ်သာ သောက်ရတဲ့ဆေးဖြစ်ပြီး ဒီဆေးပေါ်လာတာဟာ ဆီးချိုဝေဒနာရှင်တွေအတွက် ဝမ်းသာစရာဖြစ်ကြောင်း New England Journal of Medicine မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

**ကင်ဆာရောဂါအတွက် ထိရောက်တဲ့စားဆေးသစ်**

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အလုံးအကျိတ်ဖြစ်ပေါ်တတ်တဲ့ ကင်ဆာတွေအတွက် ထိရောက်စွာကုသနိုင်မယ့်စားဆေးတစ်မျိုးကို အောင်မြင်စွာဖော်ထုတ်



နိုင်ခဲ့ပြီဆိုတဲ့သတင်းပါ။ ဒီဆေးကို တွေ့ရှိခဲ့သူတွေကတော့ စင်ကာပူနိုင်ငံ National University Cancer Institue က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီဆေးနာမည်ကတော့ Selinexor စားဆေးဖြစ်ပြီး ဒီဆေးကို ထုတ်လုပ်ခဲ့တဲ့ကုမ္ပဏီကတော့ Karyopharma ကုမ္ပဏီဖြစ်ပါတယ်။ ဒီဆေးရဲ့အဓိကအာနိသင်ကတော့ Cancer Cells တွေထဲက Nucleus အသုံးပြုနေတဲ့ Protein ကို Cancer Cells တွေ အသုံးမပြုနိုင်အောင် ပြုလုပ်ပေးဖို့ဖြစ်ပါတယ်။ ဒီနည်းနှင့် ကင်ဆာအကျိတ်ဟာ ဆက်လက်မကြီးထွားနိုင်တော့ဘဲ သေးငယ်သွားရတာလို့ဆိုပါတယ်။ ဒီဆေးကို အလုံးအကျိတ်ဖြစ်တတ်တဲ့ ကင်ဆာအမျိုးအစားတွေဖြစ်တဲ့ Lymphona, Thymoma အသည်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် အူမကြီးမစင်အိမ်ကင်ဆာစတဲ့ လူနာတွေမှာ စမ်းသပ်အသုံးပြုခဲ့ရာမှာ လွန်စွာထိရောက်တဲ့ဆေးတစ်ခုဖြစ်ကြောင်း တွေ့ရတယ်လို့ဆိုပါတယ်။ ဒီဆေးဟာ ခွဲစိတ်မခံရသေးဘဲဖြစ်စေ၊ ခွဲစိတ်ခံပြီးမှဖြစ်စေ ပျံ့နှံ့နေတဲ့ အလုံး အကျိတ်ကင်ဆာတွေအတွက် ကုထုံးတစ်ခုအဖြစ် အသုံးပြုနိုင်ကြောင်း



တင်ပြလိုက်ရပါတယ်။

**အတက်ရောဂါအတွက် 3D Printing ဆေးပြား**

ယခုဖော်ပြလိုတဲ့သတင်းကတော့ Epilepsy ခေါ်တဲ့ အတက်ရောဂါခံစားနေရသူတွေအတွက် သတင်းကောင်းတစ်ပုဒ်ပါ။ ဒီအတက်ရောဂါကို ထိရောက်စွာကုသနိုင်မယ့်ဆေးတစ်မျိုးကို FDA အဖွဲ့ကြီးက အသိအမှတ်ပြုလိုက်ပြီဆိုတဲ့သတင်းပါ။ ဒီဆေးဟာ ပထမဦးဆုံး 3D Print နည်းပညာနှင့် ထုတ်လုပ်လိုက်တဲ့ဆေးဖြစ်ပါတယ်။ ဒီဆေးနာမည်က Spritam လို့ခေါ်ပြီး သူ့ဓာတုပစ္စည်းအမည်ကတော့ Levetiracetam ဖြစ်ပါတယ်။ ဒီဆေးကိုထုတ်လုပ်တဲ့ကုမ္ပဏီကတော့ အမေရိကန်နိုင်ငံက Aprecia ဆေးကုမ္ပဏီကဖြစ်ပါတယ်။ ဒီဆေးဟာ တစ်နေ့တစ်လုံးသာ သောက်ရတဲ့ဆေးဖြစ်ပြီး ဒီဆေးတစ်လုံးထဲမှာ 1000 mg ပါရှိတာဖြစ်ပါတယ်။ ဒီလိုဆေးတစ်လုံးထဲမှာ ဆေးအာနိသင်များများပါနိုင်အောင် Layers များစွာကို 3D Printing နည်းပညာနှင့်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သောက်ရတဲ့ဆေးပြားတွေမှာ ဒီဆေးဟာ ပထမဆုံး 3D Printing နည်းပညာကို အသုံးပြုထားတဲ့ဆေးဖြစ်ပါတယ်။ ဒီဆေးပေါ်လာတာဟာ အတက်ရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

**ဆီးချိုရောဂါသည်တွေ တီဘီကူးစက်ဖို့ပိုလွယ်**

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ဆီးချိုရောဂါရှိသူတွေဟာ တီဘီရောဂါကို လွယ်လွယ်နဲ့ကူးစက်နိုင်တာကြောင့် သတိထားကြဖို့ နှိုးဆော်ထားတဲ့သတင်းပါ။ ဒီလိုနှိုးဆော်လိုက်တာကတော့ ၂၀၁၅ နိုဝင်ဘာလမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာပါဝင်တဲ့ တီဘီနှင့် ဆီးချိုရောဂါဆရာဝန်ကြီးတွေညီလာခံမှဖြစ်ပြီး ညီလာခံကို ဦးဆောင်ကျင်းပခဲ့တာကတော့ International Union against TB and Lung Diseases အဖွဲ့ကြီးဖြစ်ပါတယ်။ အမှန်တော့ ဒီရောဂါကြီးနှစ်မျိုးရဲ့ ဆက်နွှယ်ပုံကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ၂၀၁၁ ခုနှစ် ဩဂုတ်လမှာ ကြေညာချက်တစ်ခု ထုတ်ပြန်သတိပေးခဲ့ပါသေးတယ်။ အများအားဖြင့် ဆီးချိုဝေဒနာရှင်တွေက ကိုယ်ခံအားကျဆင်းသူတွေဖြစ်တဲ့အတွက် တီဘီရောဂါရှင်တွေနဲ့နီးစပ်ရင် တီဘီရောဂါ ကူးစက်လွယ်ပြီး ဒီလိုကူးစက်ပြီဆိုရင်လည်း သာမန်ဆီးချိုမရှိသူတွေထက် ပိုမိုကြာရှည်စွာ ခံစားရတတ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် တီဘီဝေဒနာရှင်တွေကို



လည်း ဆီးချို ရှိ/မရှိ စစ်ဆေးဖို့နဲ့ ဆီးချိုဝေဒနာရှင်တွေမှာလည်း တီဘီရောဂါ ရှိ/မရှိ စစ်ဆေးဖို့ အသိ ပေးနှိုးဆော်ထားကြောင်း တင်ပြလိုက်ရပါတယ်။

**ဆေးလိပ်ဖြတ်နည်းအသစ် ပေါ်လာတော့မည်**

ယခုဖော်ပြလိုတဲ့သတင်းကတော့ ဆေးလိပ်ဖြတ်လိုသူတွေအတွက်ပါ။ ဆေးလိပ်ဖြတ်ဖို့ အမျိုးမျိုးကြိုးစားပေမယ့် မပြတ်နိုင်သူတွေအတွက် ဆေးလိပ်ဖြတ်နည်းတစ်ခုပေါ်လာတော့မယ်ဆိုတဲ့သတင်းပါ။ ဒီနည်းလမ်းကိုတွေ့ရှိသူတွေကတော့ TSRI ခေါ်တဲ့ The Scripps Research Institute က သုတေသနပညာရှင်တွေဖြစ်ပါတယ်။ ဆေးရွက်မှာပါတဲ့ နီကိုတင်းဓာတ်ကိုစားသုံးတတ်တဲ့ ဘက်တီးရီးယားတစ်မျိုးကိုတွေ့ရှိခဲ့ရာက ဒီနည်းကို တီထွင်နိုင်ခဲ့တာဖြစ်ပါတယ်။ NICA 2 လို့ အမည်ပေးထားတဲ့ ဘက်တီးရီးယားကို ဆေးပင်တွေစိုက်တဲ့မြေကြီးက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီဘက်တီးရီးယားမှာပါတဲ့ Enzyme ကို ပုံစံပြုလုပ်ပြီး ဆေးလိပ်ဖြတ်လိုသူတွေအတွက် ကုထုံးတစ်ခုကို တီထွင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီကုထုံးအရ သူတို့ဟာ နီကိုတင်းဓာတ်ကို ဓာတ်ခွဲခန်း ကြွက်ကလေးတွေရဲ့သွေးထဲမှာ ထိုးပေးထားပြီး Enzyme Therapy ကို စမ်းသပ်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုစမ်းသပ်လိုက်တဲ့ နီကိုတင်းဓာတ်ဟာ ၁၅ မိနစ်လောက်ကစပြီး လျော့ကျသွားပြီး ၂နာရီ ၃နာရီကြာတဲ့အခါ လုံးဝမရှိတော့တာဘဲ ဦးနှောက်ထဲကို မရောက်နိုင်ဖြစ်သွားတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီကုထုံးဟာ စမ်းသပ်မှုတွေ ထပ်မံပြုလုပ်ရဦးမှာဖြစ်ပေမယ့် ဆေးလိပ်ဖြတ်လိုသူတွေအတွက် အကောင်းဆုံးကုထုံးတစ်ခုဖြစ်လိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

# ဒေသအနှံ့မိုးရွာသွန်းခဲ့သဖြင့် ကျောက်ပန်းတောင်း၌ လယ်ယာလုပ်ငန်းခွင်များစတင်



**ကျောက်ပန်းတောင်း မေ ၂၇**

မြန်မာပြည်အလယ်ပိုင်း အညာဒေသတစ်ခွင်တွင် အပူပိုင်းမုန်တိုင်းအရှိန်ကြောင့် မေ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ မိုးများရွာသွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၂၂ ရက်အထိ လေပြင်းအနည်းငယ်တိုက်ခတ်ကာ စဉ်ဆက်မပြတ် မိုးရွာသွန်းလျက်ရှိသဖြင့် တောင်သူများ လယ်ယာလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်နေကြပြီဖြစ်ကြောင်း သိရသည်။

လယ်ယာလုပ်ငန်းခွင်များ ရုတ်တရက်စတင်ရသဖြင့် နွားရှဉ်းမရှိသောတောင်သူများ သို့မဟုတ် ယာကျယ်သဖြင့် နွားရှဉ်းမလုံလောက်သော တောင်သူများမှာလည်း အငှားနွားရှဉ်းများဖြင့် အချိန်မီအောင် ထွန်ယက်ကြရသဖြင့် နွားရှဉ်းငှားရမ်းသူလည်းများလာကြောင်း၊ ယခုလို မိုးဦးကျကာလများတွင် နွားတစ်ရှဉ်းငှားရမ်း၍ တစ်မနက် ထွန်ယက်ခ ကျပ်တစ်သောင်းခန့်ပေးရပြီး တစ်နေကုန်ငှားရမ်းပါက ကျပ်တစ်သောင်းခွဲခန့်ဖြစ်ကြောင်း သိရသည်။ အချို့တောင်သူကြီးများမှာ ထွန်စက်များကို ငှားရမ်းအသုံးပြုကြပြီး ထွန်စက်ငှားရမ်းခမှာ တစ်နာရီလျှင် ကျပ် တစ်သောင်းငါးထောင်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဒီနေ့မှ စကြဲတာ။ မြေပဲကိုပဲအားထားကြဲလိုက်တယ်။ မနှစ်ကလည်း မြေပဲဈေးလေးက ကောင်းတယ်။ မျိုးကတော့ ပင်ထောင်ပဲတစ်မျိုးပဲ"ဟု မိုးရွာပြီးနောက် မြေပဲစတင်စိုက်ပျိုးပြီဖြစ်သော ဘုရားကြီးကုန်းကျေးရွာမှ တောင်သူ ဦးစိုးပိုင်က ပြောသည်။

အပူပိုင်းမုန်တိုင်းအရှိန်ကြောင့် မြန်မာပြည်အလယ်ပိုင်း အညာဒေသတစ်ခွင်တွင် မထင်မှတ်ပဲ ဒေသအနှံ့ မိုးများရွာသွန်းခဲ့သဖြင့် တောင်သူများမှာ လယ်ယာလုပ်ငန်းခွင်သို့ အပြေးအလွှားဝင်ရောက်ခဲ့ကြရကြောင်း၊ စိုက်ပျိုးရာသီကာလအတွက် တောင်သူအချို့မှာ ယမန်နှစ်သီးနှံများကို မျိုးချန်စိုက်ပျိုးကြလေ့ရှိသော်လည်း အချို့တောင်သူများမှာ စိုက်ပျိုးရာသီရောက်မှသာ ပွဲရုံများမှသော်လည်းကောင်း၊ တောင်သူကြီးများထံမှ သော်လည်းကောင်း ကာလပေါက်ဈေးပေး၍ မျိုးသီးနှံများ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်တွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသော မြေပဲမျိုးဈေးမှာ တစ်တင်းလျှင် ကျပ်ငါးသောင်းဖြစ်ပြီး နှမ်းနက်တစ်တင်းလျှင် ကျပ်ခြောက်သောင်း၊ နှမ်းဖြူတစ်တင်းလျှင် ကျပ်သုံးသောင်းနှစ်ထောင်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှ ရေပေးဝေမှုကို ၂၀၂၁ ခုနှစ် ဇူလိုင်လခန့်မှသာ ပေးဝေနိုင်မည်

**နေပြည်တော် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)အတွင်းရှိ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှ ရေပေးဝေမှုကို ၂၀၂၁ ခုနှစ် ဇူလိုင်လခန့်မှသာ ပေးဝေနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) အတွင်းရှိ လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်ပြီး သောက်သုံးရေရရှိရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) နယ်မြေအတွင်းရှိ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ နည်းပညာအကူအညီနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းဖြစ်ပါကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်သော ချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်သည့်အတွက် လုပ်ငန်းအားလုံးကိုလည်း တင်ဒါများ အဆင့်ဆင့်ခေါ်ယူ၍ စနစ်တကျ ဆောင်ရွက်နေပါကြောင်း။

အကြံပေးလုပ်ငန်းများ စတင်ခြင်း၊ အသေးစိတ်ဒီဇိုင်း အပြီးသတ်ရေးဆွဲခြင်း၊ ပုံစံနှင့် တင်ဒါစာရွက်စာတမ်းများ ပြင်ဆင်ခြင်းလုပ်ငန်းကာလကို ၂၀၁၅ မှ ၂၀၁၆ ခုနှစ်အထိ လည်းကောင်း၊ ကြိုတင် အရည်အသွေးသတ်မှတ်ခြင်း အပါအဝင် တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် လုပ်ငန်းကာလကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၂၄ ရက်အထိ လည်းကောင်း၊ လုပ်ငန်းများစတင်ခြင်းနှင့် ပြီးဆုံးခြင်း လုပ်ငန်းကာလကို ၂၀၁၇ မှ ၂၀၂၁ ခုနှစ်အထိ သတ်မှတ်ထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **ဝါစိုက်တောင်သူများအား တစ်ကေလျှင် နှစ်သောင်းကျပ်နှုန်းဖြင့် သတ်မှတ်ထုတ်ချေးပေးခဲ့ရာ ယာစိုက်တောင်သူများမှာ အမှန်တကယ်ကုန်ကျမည့်စရိတ်နှင့် အဆပေါင်းများစွာ ကွာခြားနေသောကြောင့် ထပ်မံတိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တောင်သူလယ်သမားများအား ထုတ်ချေးပေးရန် စပါးသီးနှံတစ်ကေလျှင် ကျပ်တစ်သိန်းခွဲနှုန်းအတွက် ကျပ်သန်းပေါင်း ၁ ဒသမ ၆၄ သန်း၊ အခြားသီးနှံအတွက် ကျပ်သန်းပေါင်း ၁၁၀၀၀၀၊ ချက်ကြံအတွက် ကျပ်သန်းပေါင်း ၁၅၀၀၀ စုစုပေါင်း ကျပ်သန်းပေါင်း ၁ ဒသမ ၈ သန်းခန့်လိုအပ်မည်ဖြစ်ပါကြောင်း၊မြန်မာ့စီးပွားရေးဘဏ်နှင့် ဗဟိုဘဏ်တို့မှ ယခုနှစ် အတွက် ကျပ်သန်းပေါင်း ၁ ဒသမ ၇ သန်း ချေးယူခွင့်ရရှိခဲ့ကြောင်း။

ချေးငွေထုတ်ချေးပေးရာတွင် နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် စပါးသီးနှံအတွက် ဦးစားပေးထုတ်ချေးပေးခြင်းသာဖြစ်ပြီး ကျန်သီးနှံများအတွက် ချေးငွေထုတ်ချေးပေးရန် လုံလောက်မှုမရှိသဖြင့် လောလောဆယ် တိုးမြှင့်ထုတ်ချေးပေးရန် မရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**



ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်

# တရားမဝင်မော်တော်ယာဉ်များကို တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိ

**နေပြည်တော် မေ ၂၇**

ပြည်သူအများ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသည့် တရားမဝင် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့အစည်းအဝေးတွင် ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ ဦးစိုင်းသန်းနိုင်၏ ပြည်သူအများ လက်ဝယ်၊ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသော တရားမဝင် မော်တော်ယာဉ်များအား သင့်တော်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လိုင်စင်မဲ့မော်တော်ယာဉ်များ လိုင်စင်ရရှိအောင် ဆောင်ရွက်ပါက တရားဝင်တင်သွင်းလာသည့် ယာဉ်ပိုင်ရှင်များ နစ်နာမှုရှိ၍ မကျေနပ်ခြင်းနှင့် အတူ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်ခြင်း၊ ခွင့်ပြုချက်ဖြင့်



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

ဖွင့်လှစ်ရောင်းချလျက်ရှိသည့် အရောင်းစင်တာ၊ အရောင်းပြခန်းများ ထိခိုက်နိုင်သည့်အပြင် ကန့်ကွက်မှုများ ဖြစ်ပေါ်နိုင်ခြင်း၊ ပြည်တွင်းကားဈေးကွက် ကမောက်ကမဖြစ်နိုင်ခြင်း၊ တည်ဆဲဥပဒေနှင့် နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန် ဆောင်ရွက်လာနိုင်ခြင်း၊ တရားမဝင် တင်သွင်းမှုကို အားပေးရာရောက်ခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးနေသည့်စနစ်များနှင့် ဆန့်ကျင်နေခြင်း၊ အိမ်နီးချင်းနိုင်ငံများမှ ခိုးယူလာသည့် ယာဉ်များဖြစ်ပါကလည်း ကန့်ကွက်တားမြစ်ခြင်းများကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် မလိုလားအပ်သောကိစ္စများ ရှုပ်ထွေးလာနိုင်ပါကြောင်း၊ တရားမဝင်လမ်းကြောင်းများမှ ယာဉ်များ ထပ်မံဝင်ရောက်ခြင်း မရှိစေရန်အတွက် ပြည်တွင်း၌ ရောက်ရှိနေသည့် တရားမဝင် လိုင်စင်မဲ့ယာဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိ အဖွဲ့အစည်းများ ပူးပေါင်း၍ စီမံချက်များချမှတ်ပြီး ရှောင်တခင် စစ်ဆေးဖမ်းဆီးအရေးယူခြင်း၊ နယ်စပ်ဒေသ ဝင်ပေါက်များမှ ထပ်မံ၍ ဝင်ရောက်မလာနိုင်ရန် ဌာနစုံ ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေး၍ တင်းကျပ်စွာ တားမြစ်ပိတ်ဆို့ဖမ်းဆီးခြင်းနှင့် ဥပဒေကို ရည်ရွယ်ချက်ရှိရှိ ချိုးဖောက် ကျူးလွန်သူများကိုလည်း ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၏ ရသေ့တောင်မြို့နယ် အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရသေ့တောင်မြို့နယ် အုတ်ဖို (ခ) အိုးဖောက် ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့တွင် လျာထားခြင်းမရှိပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်း၌ ထည့်သွင်း၍ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ်ရှိ ပျက်စီးနေသည့် ရထားလမ်းများအား ပြုပြင်ပြေးဆွဲမည့်အချိန်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှောင်ကွင်းလမ်းကို ထပ်မံရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ ဒေသခံပြည်သူများ၏ သဘောတူညီမှုမရရှိသဖြင့် ကျောက်တော်-



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) မှ ဦးစိုင်းသန်းနိုင်

မြောက်ဦး ရထားလမ်းပိုင်းကို ဆက်လက် အကောင်အထည်ဖော်နိုင်ခြင်း မရှိပါကြောင်း၊ ဒေသခံပြည်သူများ၏ သဘောတူညီချက်ရရှိပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေ တင်ပြတောင်းခံ၍ ခွင့်ပြုပါက ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝဘေးဒဏ်ကြောင့် ယိုးတရုတ်-ကျောက်တော် လမ်းပိုင်း၏ ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် စုစုပေါင်းဘဏ္ဍာငွေ ကျပ် ၅၄၈ ဒသမ ၂ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ - ၂၀၁၇ ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းလျာထားတောင်းခံ၍ ဘဏ္ဍာငွေခွင့်ပြုချက် ရရှိပါက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် လမ်းပိုင်းများကို ပြင်ဆင်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့် ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)နှင့် နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄) တို့ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းများအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ သဘောတူကြောင်း ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့လာကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၃၃ရက်မြောက်နေ့ကို မေ ၃၀ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ် သတင်းမီဒီယာကွန်ရက် နေပြည်တော် အမျိုးသားစာကြည့်တိုက်သို့ လေ့လာ

**နေပြည်တော် မေ ၂၇**

နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်သို့ ရှမ်းပြည်နယ် တောင်ပိုင်း သတင်းမီဒီယာကွန်ရက်မှ သတင်းသမား ၂၂ ဦးသည် မေ ၂၇ ရက် နံနက်ပိုင်းက လေ့လာရေးအဖြစ် လာရောက်ခဲ့သည်ဟု သိရသည်။

နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်ကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး နေ့စဉ် လာရောက်လေ့လာသူများ၊ စာဖတ်သူများ၊ စာညွှန်းအထောက်အထား လာရောက်ရှာဖွေသူများပြားလျက်ရှိကြောင်းနှင့် ကျောင်းသား ကျောင်းသူများအတွက်လည်း အားထားစရာ စာကြည့်တိုက်ကြီးတစ်ခုဖြစ်သည်ဟု အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီထွေးက ပြောသည်။

ယင်းအပြင် နေပြည်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များကလည်း လာရောက်ဖတ်ရှုလေ့လာပြီး လိုအပ်သော အချက်အလက်များ ရှာဖွေလေ့လာကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နေပြည်တော် အမျိုးသားစာကြည့်တိုက်သို့ လာရောက်လေ့လာသော ရှမ်းပြည်နယ်တောင်ပိုင်း သတင်းမီဒီယာကွန်ရက်မှ အဖွဲ့ခေါင်းဆောင် ဒေါ်မြဝန်ရံကလည်း သတင်းသမားများအနေဖြင့် မြန်မာပြည်တွင် အကြီးဆုံးနှင့် စာအုပ်အများဆုံး စုဆောင်းထားရှိသော အမျိုးသားစာကြည့်တိုက်ကြီးကို လေ့လာရသဖြင့် ဗဟုသုတတိုးပွားရသည်ဟု ပြောသည်။

နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါ်ကေသီထွေးက အမျိုးသားစာကြည့်တိုက်ကြီး အကြောင်းနှင့် စာကြည့်တိုက်ကြီးရှိ ပေစာဌာနမှ ပေစာများအကြောင်းနှင့် ထိန်းသိမ်းပုံအကြောင်းများကို




အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်း သတင်းမီဒီယာကွန်ရက်မှ သတင်းသမားများသည် မေ ၂၆ ရက် နံနက်ပိုင်းက ပြည်သူ့လွှတ်တော်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြန်မာ့အလင်း သတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်များသို့ သွားရောက်ခဲ့ပြီး သတင်းစာထုတ်လုပ်မှုအဆင့်ဆင့်ကို လေ့လာခဲ့သည်ဟု သိရသည်။

**မမ(လားရှိုး)**

# ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်း အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၂၇**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်း (ထောက်ကြန့်)နှင့် တိုင်းဒေသကြီးရုံး(မန္တလေး)တို့တွင် ယခင်ပုံမှန် လုပ်ငန်းဆောင်ရွက်ပေးရာတွင် တစ်နေ့လျှင် ယာဉ်စီးရေ ၂၀၀ ခန့်မှ ယခုအခါ ယာဉ်စီးရေ ၁၀၀၀ ကျော်ခန့်ထိ လာရောက်ဆောင်ရွက်၍ လုပ်ငန်းပမာဏ များပြားလာခြင်းကြောင့် ပြည်သူများအဆင်ပြေစေရေးကို ရှေးရှု၍ မေ ၂၈ ရက် (စနေနေ့)နှင့် မေ ၂၉ ရက် (တနင်္ဂနွေနေ့)တို့တွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# ကမ်းလွန်ပင်လယ်ပြင်တွင်လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၂၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ် ၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# မြေပြဿနာများကို ပြည်သူများမနစ်နာစေရန် ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ပြီး အမြန်ဆုံး ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၂၇**

လယ်ယာမြေပြဿနာများအမြန်ဆုံး ပြီးပြတ်စေရေးနှင့် စွန့်လွှတ်မြေများကို အမှန်တကယ် သက်ဆိုင်သူများ လက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရေး အမြန်ဆုံး မှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးသွားကြရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။ **(ယာပုံ)**

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အငြင်းပွားမှုပြဿနာများကို သိမ်းဆည်းထားသည့် မြေပမာဏ၊ သိမ်းဆည်းမှုကြောင့် သက်ရောက်မှုရှိစေသည့် တောင်သူလယ်သမားဦးရေနှင့် စီးပွားရေးထိခိုက်နစ်နာမှုပမာဏများအပေါ် မူတည်ပြီး ဦးစားပေးအဆင့်သတ်မှတ်ကာ အထူးအဖွဲ့ခွဲများ ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေးရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌက ပြောသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို နိုင်ငံတော်သမ္မတရုံး၊ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပစဉ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုင်ငံအတွင်း မြို့ပြဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာ အထူးစီမံကိန်း နယ်မြေများ သတ်မှတ်ခြင်း၊ စီးပွားရေးဆိုင်ရာ အထူးစီးပွားရေးဇုန်များ စက်မှုဇုန်များ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများအတွက် ဌာနဆိုင်ရာ/ ပုဂ္ဂလိကကုမ္ပဏီများကို မြေနေရာချထားပေးခြင်းများကြောင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

မြေပြဿနာအငြင်းပွားမှု ဖြစ်ပွားရခြင်းမှာ မြေယာစီမံခန့်ခွဲသည့်ဌာနများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကို စီမံခန့်ခွဲသည့်အစိုးရ၊ ပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူများအကြား လုပ်ကိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် အငြင်းပွားခြင်း၊ မြေမဲ့ယာမဲ့နှင့် မြေကျူးကျော်မှုများ ဖြစ်ပွားခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် အဆိုပါပြဿနာများကို ပြည်သူများ မနစ်နာစေရန် စေတနာထားကာ ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသော မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မိမိတို့ဒေသအတွင်း မြေသိမ်းဆည်းမှု ပြဿနာများကို ပြန်လည်စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသာမက သက်ဆိုင်ရာနယ်မြေအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ လယ်ယာမြေဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းသွားမည်ဟု သိရသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးအတွက် အဆင့်ဆင့်လုပ်ငန်းဖွဲ့စည်းဆောင်ရွက်မှုတို့ကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများနှင့်ပတ်သက်ပြီး ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ လယ်ယာမြေများနှင့် အခြားမြေသိမ်းဆည်းခံရမှုများအား ပြန်လည်ပေးအပ်နိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ အခက်အခဲများလည်းရှိနိုင်ကြောင်း၊ တချို့လယ်ယာမြေကိစ္စများသည် မှန်ကန်မှုရှိသလို တချို့မှာ မမှန်မကန်ရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ မည်သို့ပင်ဖြစ်စေ၊ စိတ်စေတနာသန့်သန့်ဖြင့် စေတနာထားပြီး မှန်မှန်ကန်ကန် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**





ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

---

❐ *ကျော့ဖုံးမှ*

စနစ်များဖြင့် မွေးမြူလျက်ရှိသည်။ တင်ဒါငါးဖမ်းကွက်များကို ရေချိုငါးလုပ်ငန်းဥပဒေနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းအရခွင့်ပြုသတ်မှတ်ထားသောပိုက်ကွက်အတိုင်းအတာဖြင့်သာ ငါးဖမ်းဆီးစေကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း ငါးမွေးမြူရေးကန်များကို ရွှေဘိုခရိုင် ခင်ဦးမြို့နယ်နှင့် ဝက်လက်မြို့နယ်များအတွင်းရှိ မြေလွတ် မြေရိုင်းများစိုက်ပျိုး၍မရသော ရေဝပ်မြေများ လိုင်စင်မဲ့ငါးမွေးမြူရေးကန်ခန့်မှန်းခြေအားဖြင့် ဧက ၄၀ ဒသမ ၉၇ ခန့်အား တိုးချဲ့ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကသာခရိုင် ကောလင်းမြို့နယ်၌လည်း ငါးမွေးမြူ ရေးဇုန်ဖော်ထုတ်ရန်အတွက် မြေလွတ်မြေရိုင်း ဧက ၁၃၃ ဒသမ ၀၁ ကိုလည်း ခွင့်ပြုမိန့်ကျပြီးဖြစ်၍ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

Pen Culture မွေးမြူသောစနစ်ဖြင့် ဆောင်ရွက်သည့်မွေးမြူရေးလုပ်ကိုင်သူ ၃၀ ၏ ၇၉၄ ဧကကို မွေးမြူရေးလိုင်စင်ခွန်အား တိုင်းဒေသကြီးအခွန်ငွေပိုမိုရရှိအောင် ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးကန်ဧကပေါင်း ၇၁၂၈ ဒသမ ၃၀၆ ဧကရှိသည့်အနက်ငါးမွေးကန်ဧက ၂၆၃ ဒသမ ၁၂၁ သည် လ/ယ-၃၀ ရရှိပြီးဖြစ်သော်လည်း ကျန်ရှိသည့်ငါးမွေးကန် ၆၈၆၅ ဒသမ ၁၈၅ ဧကသည် လ/ယ-၃၀မရရှိသေးသဖြင့် မြေစာရင်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မပြုန်းတီးစေရန်အတွက် မြစ်ချောင်း၊ အင်းအိုင်၊ ကန်များနှင့် ဆည်တမံများအတွင်းငါးမျိုးစိုက်ထည့်ခြင်း ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီးအခွန်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

---

# ပေါင်မြို့နယ်၌ မွေးစာရင်းမရှိသည့် ကျောင်းနေအရွယ်ကလေးများအား ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်ဖြင့် ကျောင်းအပ်လက်ခံမည်

**ပေါင် မေ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများ၌ မွေးစာရင်းမရှိသည့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်ဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း ပေါင်မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

"အသက်ငါးနှစ်ပြည့်တဲ့ ကလေးတိုင်း K.G တန်းကို တက်ခွင့်ရမယ်။ မွေးစာရင်းရှိတဲ့သူတော့ မွေးစာရင်းကို ယူခဲ့ရမှာဖြစ်ပါတယ်။ တချို့တောရွာတွေဘက်မှာ မွေးစာရင်းတွေမရှိကြတော့ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နဲ့ဆိုရင်လည်း လက်ခံပါတယ်။ အခုဆိုရင် အင်တာနက် ဖေ့စ်ဘွတ်စ်တွေမှာ တက်လာပါတယ်။ ငါးနှစ်ပြည့်ပြီး မွေးစာရင်းမရှိလို့ကျောင်းက လက်မခံဘူးဆိုတာ လုံးဝမဟုတ်ပါဘူး။

"တကယ်က မွေးစာရင်းမရှိလည်း ကျေးရွာအုပ်ချုပ်ရေးမှူးပိုင်းက ထောက်ခံချက်တွေနဲ့ဆိုရင်လည်း တက်ခွင့်ရှိပါတယ်။ ငါးနှစ်ပြည့်ဖို့ တစ်လလိုတယ်ဆိုရင် ကျောင်းအုပ်ကြီးရဲ့ထောက်ခံချက်နဲ့ ဒါကိုလက်ခံနိုင်ပါတယ်။ လလိုတဲ့ကလေးဆိုရင် မြို့နယ်ပညာရေးမှူးရဲ့ ထောက်ခံချက်နဲ့လက်ခံပေးပြီး သုံးလလိုတဲ့ကလေးဆိုရင်တော့ ပြည်နယ်ပညာရေးမှူးရဲ့ ထောက်ခံချက်နဲ့လက်ခံပေးပါတယ်"ဟု ပေါင်မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ပြောသည်။

"မွေးစာရင်းမရှိလို့ ကလေးတစ်ယောက်ကျောင်းမနေရဘူးဆိုတာ မဖြစ်ရဘူးလေ။ တအားဝေးလံတဲ့ ရွာဘက်တွေမှာ အရပ်လက်သည်တွေနဲ့မွေးတော့ သူတို့မှာ မွေးစာရင်းကမရှိကြဘူး။ မင်းတို့ ကလေးဘယ်ချိန်ကမွေးလဲ မေးရင်တောင် ရေကြီးတဲ့အချိန် မွေးတယ်။ ကလေးနာမည်တောင် မရေကြီးဆိုပြီး ပေးကြတာတွေတောင်ရှိပါတယ်။ မွေးစာရင်းဆိုတာကလည်း အရင်ခေတ်တုန်းက မလုပ်ထားတာလည်းရှိတယ်။ အခုနောက်ပိုင်းမှလုပ်ပေးလာကြတာ။ မြို့နယ်အတွင်းက ကျောင်းအုပ်တွေကိုလည်းညွှန်ကြားထားပါတယ်။ ဒါမှ မွေးစာရင်းမပါလို့ ကျောင်းအပ်လက်မခံဘူးဆိုရင် အဲ့ဒီကျောင်းကို စစ်ဆေးအရေးယူဆောင်ရွက်ပါ့မယ်"ဟု ၎င်းက ထပ်မံပြောပြသည်။



၂၀၁၆ ခုနှစ်ကျောင်းအပ်နှံရေးရာသီအချိန်တွင် K.G တန်းသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံတစ်စုံ အခမဲ့ပေးခြင်း၊ သူငယ်တန်းမှ စတုတ္ထတန်းအထိ ဗလာစာအုပ်ခြောက်အုပ်၊ ကျောင်းဝတ်စုံတစ်စုံ၊ သင်ရိုးပုံနှိပ်စာအုပ်၊ တစ်စုံအခမဲ့ပေးခြင်း၊ အလယ်တန်းအဆင့်တွင် ကျောင်းသုံးပုံနှိပ်စာအုပ်တစ်စုံ၊ အထက်တန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်တစ်စုံတို့ကို ကျောင်းလာရောက်အပ်နှံသည့်နေ့တွင် (အခမဲ့) တစ်ပါးတည်း ပေးဆောင်သွားရန်နှင့် ကျောင်းသားမိဘများထံမှ တစ်နှစ်ပတ်လုံး မည်သည့်ငွေကြေးတစ်စုံတစ်ရာမျှ ကောက်ခံခြင်း မပြုကြရန်အတွက် နိုင်ငံတော်က ညွှန်ကြားထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးနှင့် ဆွေးနွေး

**နေပြည်တော် မေ ၂၇**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး General Prawit Wongsuwan နှင့် မေ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**


တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေး၊ မူးယစ်ဆေးဝါးကိစ္စ၊ လက်နက်မှောင်ခိုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။


ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဗန်ကောက်မြို့ရှိ တပ်မတော်ဖွံ့ဖြိုးမှုဌာနချုပ် (Armed Forces Development Command) သို့သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုင်းဘုရင့်တပ်မတော် ဖွံ့ဖြိုးမှုဌာနချုပ်ကို ဗန်ကောက်မြို့တွင် အခြေစိုက်ပြီး စစ်တိုင်းကြီး ငါးတိုင်းတွင် ကွပ်ကဲမှုဌာနချုပ်များ ဖွင့်လှစ်ထားကာ ထိုင်းနိုင်ငံ အနှံ့ရှိ ကျေးရွာအုပ်စု ၃၆၈ စုရှိ ဒေသခံ ထိုင်းပြည်သူလူထု၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရေးနှင့် သဘာဝဘေးဒဏ် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ည ၇ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(မြဝတီ)**





# အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စနှင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၂၇**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား အား တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ဆက်နွယ်လျက် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရခိုင်နှင့် ကချင်ပြည်နယ်ရှိ IDP များအား လူသားချင်းစာနာထောက်ထားရေးကူညီမှုဆွေးနွေး

**နေပြည်တော် မေ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားအား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ IDP များအား လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ ထောက်ပံ့ကူညီပေးနေမှုအခြေအနေများနှင့် နေရပ်ပြန်လည်နေရာချထားရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂမှ ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ အဆိုပါလုပ်ငန်းစဉ်များ၏ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၂၇**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပပြုလုပ်သည့် (၁၀)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး 10th ASEAN DEFENCE MINISTERS MEETING (10th ADMM) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**(မြဝတီ)**

**တနင်္သာရီ နေရာကွက် မိုးကြီးနိုင်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ဧဝရက်တောင်တက်ခရီးစဉ် တွေ့ကြုံမှု သတင်းစာရှင်းလင်း

**ရန်ကုန် မေ ၂၇**

မြန်မာလူငယ်တောင်တက်အဖွဲ့တောင်ထိပ်တွင် အလံလွှင့်ထူနိုင်ခဲ့သော ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ခရီးစဉ်သည် အမြင့်ပိုင်းဆိုင်ရာ အောက်ဆီဂျင်ပြတ်လပ်မှုနှင့် -35°C အထက် အေးခဲမှုသည် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်တွေ့ကြုံဖြတ်သန်းခဲ့ရကြောင်း ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ကျင်းပသော အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသော စာနယ်ဇင်းမီဒီယာများက သိလိုသည်များ မေးမြန်းရာ တောင်တက်သမားသုံးဦးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

"ဒီတောင်ကြီးက ကမ္ဘာ့အမြင့်ဆုံးဖြစ်တဲ့အတွက် Base Camp ကနေ Camp 1,2,3,4 နဲ့ Summit ခရီးစဉ်တစ်လျှောက်မှာ အမြင့်ပိုင်းရောက်လာလေလေ အောက်ဆီဂျင်နည်းလာပြီး ပြတ်လပ်တဲ့အထိ ဖြစ်ပေါ်ခဲ့တယ်။ အောက်ဆီဂျင်ပြတ်တဲ့အတွက် နည်းနည်းလောက်လှုပ်တာနဲ့ မောနေတယ်။ ဒါ့အပြင် အမြင့်ပိုင်းဆိုင်ရာ ခေါင်းကိုက်တာတွေ၊ မူးဝေတာတွေကြုံရပြီး ရန်ကုန်မှာဆိုရင် အပူချိန် +35 °C ရှိတယ်။ ဟိုမှာက -35 °C အထက် အေးခဲမှုတွေနဲ့ကြုံရတယ်။ တောင်တက်သမားတွေသုံးတဲ့၊ ရောက်ရှိရာနေရာကိုသိနိုင်တဲ့ GPS ကနေ အားလုံးမြင်နိုင်တယ်။ ဒါကလည်း တောင်ထိပ်ရောက်တဲ့ သက်သေပြခြင်းတစ်မျိုးပါပဲ"ဟု တောင်ထိပ်သို့ အရင်ဆုံး ရောက်ရှိခဲ့သော ကိုပြည့်ဖြိုးအောင်က ပြောသည်။

ထပ်မံ၍ ကိုဝင်းကိုကိုက "အဓိကက တောင်တက်သမားတစ်ဦးအနေနဲ့ ခံယူချက်စိတ်ဓာတ်ရှိဖို့၊ ကိုယ်ခန္ဓာကြံ့ခိုင်ဖို့နဲ့ တောင်တက်နည်းပညာတွေ သိရှိတတ်မြောက်နေမယ် ဆိုရင် ဘယ်လောက်မြင့်မားခက်ခဲတဲ့တောင်တွေကိုမဆို တက်ရောက်နိုင်မှာပါ။ ဒါ့အပြင် ဒီအားကစားနဲ့ပတ်သက်ပြီး ကူညီထောက်ပံ့ပေးမယ့် နိုင်ငံတော်နဲ့ ကုမ္ပဏီအသင်းအဖွဲ့တွေရှိဖို့လည်းလိုအပ်ပါတယ်။ နောက်ပိုင်းကာလတွေမှာလည်း ကမ္ဘာ့အမြင့်ဆုံးတောင် ၁၄ လုံးနဲ့ တိုက်ကြီးခုနစ်တိုက်က အမြင့်ဆုံးတောင်ခုနစ်လုံးအပြင် မြန်မာနိုင်ငံက ရေခဲတောင်တွေကို တက်နိုင်အောင်ကြိုးစားသွားမှာပါ"ဟု ပြောသည်။




Camp 3 ထိ တက်နိုင်ပြီး တောင်ထိပ်အတက်ခရီးတွင် ကျန်းမာရေးကြောင့် Base Camp ၌ ကျန်ရစ်ကာ သတင်းအချက်အလက်များပေးခဲ့သူ ကိုညီညီအောင်က "ကျွန်တော်တို့ မြန်မာလူငယ်တောင်တက်အဖွဲ့ရဲ့ ဧဝရက်တောင် တောင်တက်ခရီးစဉ်အတွေ့အကြုံတွေကို စာအုပ်ထုတ်ဝေသွားဖို့ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ခြေလျင်နဲ့တောင်တက်အသင်းဖွဲ့စည်းခဲ့တဲ့ ကာလကနေ အခု ၆၃ ခုနှစ်မြောက်တဲ့နှစ်မှာ ဧဝရက်တောင်ကို မြန်မာနိုင်ငံအလံလွှင့်ထူနိုင်ခဲ့တဲ့ မှတ်တိုင်တစ်ခုပါ"ဟု ပြောသည်။

ထိုခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ တစ်သိန်းရှစ်သောင်း ငါးထောင်ကျော် ကုန်ကျခဲ့ကြောင်း၊ ယင်းကုန်ကျစရိတ်ကို ထူးဖောင်ဒေးရှင်းနှင့်ထူးကုမ္ပဏီများအုပ်စုက အဓိကပံ့ပိုးပေးခဲ့ပြီး မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့်အတူ ဆက်စပ်အဖွဲ့များကလည်း ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။ ယင်းနေ့ညပိုင်းတွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဧဝရက်တောင်တက်သမားသုံးဦးအား တာဝန်ရှိသူများက ဆုငွေများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဂျီ-၇ အဖွဲ့တိုးတက်ရေးလုပ်ဆောင်မှုများ ဦးတည်ဆွေးနွေး



**တိုကျို မေ ၂၇**

စက်မှုအင်အားကြီးနိုင်ငံများ ဂျီ-၇ အဖွဲ့သည် သောကြာနေ့က ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို အဖြေရှာလျက် တောင်တရုတ်ပင်လယ်၌ ဖြစ်ပွားလျက်ရှိသော ရေပိုင်နက်အငြင်းပွားမှုများ၊ ရုရှားနှင့် မြောက်ကိုရီးယားအပေါ်ထားရှိသော သဘောထားအမြင်များနှင့် ငွေကြေးမူဝါဒများနှင့် သက်ဆိုင်သည့် စာတမ်းများကို ဆွေးနွေးခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးသည် အနည်းငယ်ယုတ်လျော့လာနေရာမှ တည်ငြိမ်မှု အနေအထားအောက် ရောက်နေကြောင်း ဂျီ-၇ ခေါင်းဆောင်များက နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ကြီးပွားတိုးတက်ရေးနှင့် ပတ်သက်ပြီး ၎င်းတို့အလေးထားဆွေးနွေးခဲ့ကြောင်း ဆိုသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း ကမ္ဘာလုံးဆိုင်ရာ ငွေကြေးပြဿနာသည် တိုးတက်မှုနှင့်အပြိုင် ဂယက်ရိုက်မှုဖြစ်ပေါ်စေကြောင်း မှတ်ချက်ပြုခဲ့သည်။

ဂျီ-၇ အဖွဲ့၏ ဖော်ပြချက်တွင် ကျရောက်လာမည့် တခြားပြဿနာများကို ရှောင်ရှားနိုင်ရန် စီးပွားရေးအားကောင်းအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လက်ရှိစီးပွားရေးအခြေအနေနှင့် ကိုက်ညီမှုရှိစေသည့် မူဝါဒများကို ချမှတ်နိုင်ရမည်ဖြစ်ကြောင်း ပါရှိသည်။

**(ရိုက်တာ)**

# အီးယူမှဗြိတိန်ထွက်ခွာခြင်းသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို အထိနာစေမည်ဖြစ်ကြောင်း ဂျီ-၇ ခေါင်းဆောင်များဆို



**တိုကျို မေ ၂၇**

အီးယူမှ ဗြိတိန်ထွက်ခွာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအတွက် အကျပ်အတည်းဖြစ်ပေါ်ပြီး အထိနာစေနိုင်ကြောင်း ဂျီ-၇ ခေါင်းဆောင်များက သောကြာနေ့တွင် ထိပ်သီးအစည်းအဝေး ကြေညာချက်၌ ဖော်ပြခဲ့သည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကမူ အဆိုပါကိစ္စကို ဆွေးနွေးခြင်းမရှိခဲ့ဟု သိရသည်။

ယင်းဖော်ပြမှုကို ဗြိတိန်အစိုးရက ကြိုဆိုခဲ့ပြီး ဇွန် ၂၃ ရက်တွင် ပြုလုပ်မည့် အီးယူအဖွဲ့ဝင်အဖြစ်မှ ထွက်ခွာရေးသည် ပြည်တွင်းကုန်ကျစရိတ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပြုစရာများ ဖြစ်လာခဲ့သည်။

အီးယူမှဗြိတိန်ထွက်ခွာမှုသည် ပိုမိုကြီးမားသော ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ဖန်တီးနိုင်မှုများဆီသို့ ဦးတည်ထားသော လမ်းကြောင်းကို သွေဖည်သွားစေနိုင်ကြောင်း ဂျီ-၇ ခေါင်းဆောင်များက ပြောခဲ့သည်။

အီးယူမှ ဗြိတိန်ထွက်ခွာရေးသည် ပထဝီဝင်နိုင်ငံရေးအရ ပဋိပက္ခများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ဒုက္ခသည်များ စီးဆင်းဝင်ရောက်မှုတို့နှင့် ယှဉ်လျက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါကိစ္စသည် ထိပ်သီးအစည်းအဝေး၏ တရားဝင်အစီအစဉ်မဟုတ်သော်လည်း ဗြိတိန်အစိုးရအရာရှိများသည် ထွက်ပေါ်လာမည့် သုံးသပ်ချက်များကို မျှော်လင့်နေကြကြောင်း သိရသည်။

**(ရိုက်တာ)**

# ရေယာဉ်မှောက်၍ ခရီးသွားသုံးဦးသေဆုံး

**ဗန်ကောက် မေ ၂၇**

ထိုင်းနိုင်ငံတောင်ပိုင်း ဆာမိုင်ကျွန်းအနီး၌ ရာသီဥတုဆိုးရွားမှုကြောင့် အမြန်ရေယာဉ်တိမ်းမှောက်ခဲ့ရာ နိုင်ငံခြားသားခရီးသွားသုံးဦး သေဆုံးပြီး ဗြိတိန်လူမျိုး အမျိုးသားတစ်ဦး ပျောက်ဆုံးခဲ့သည်။

ဗြိတိန်၊ ဂျာမနီနှင့် ဟောင်ကောင်တို့မှ အမျိုးသမီးသုံးဦးမှာ ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ်အတွင်း သေဆုံးသည်ဟု ကြာသပတေးနေ့တွင် ရဲများကပြောသည်။ ရေယာဉ်တိမ်းမှောက်စဉ် ရေယာဉ်ပေါ်၌ ခရီးသည် ၃၂ ဦးနှင့် ရေယာဉ်ဝန်ထမ်းလေးဦး လိုက်ပါလာကြောင်း သိရသည်။

ရာသီဥတုဆိုးရွားနေချိန်၌ ရေယာဉ်ကို အမြန်မောင်းနှင်ခဲ့သည့်အတွက် တိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်ဟု ဆူရတ်ဌာနီပြည်နယ်မှ ရဲမှူးကြီး အပီချတ်ဘွန်စရီရော့က ရိုက်တာသို့ ပြောခဲ့သည်။ ဗြိတိန်နိုင်ငံသား အမျိုးသားတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး လူတစ်ဦးကို တရားစွဲဆိုထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၆ ခုနှစ်၌ ထိုင်းနိုင်ငံသို့ခရီးသွား ၃၂ သန်း ဝင်ရောက်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ကမ္ဘာလှည့် ခရီးသွားဆိုက်ရောက်မှုက ခန့်မှန်းထားသည်။

**(ရိုက်တာ)**

# အိုကီနာဝါရှိ အမေရိကန်တပ် ညမထွက်ရအမိန့်နှင့် ကန့်သတ်မှုများပြုလုပ်

**အိုကီနာဝါ မေ ၂၇**

အမျိုးသမီးတစ်ဦး၏ အလောင်းကို စွန့်ပစ်သည်ဟူ၍ အမေရိကန်နိုင်ငံသားတစ်ဦးကို ဖမ်းဆီးခြင်းခံရပြီးနောက် ဂျပန်နိုင်ငံအိုကီနာဝါရှိ အမေရိကန်တပ်သည်၎င်း၏ တပ်ဖွဲ့ဝင်များကို ညမထွက်ရ အမိန့်အပါအဝင် အခြားသော ကန့်သတ်မှုများပြုလုပ်ရန်ဆုံးဖြတ်ခဲ့ကြသည်။

အိုကီနာဝါရှိအမေရိကန်တပ်ဖွဲ့ဝင်များနှင့် စစ်အခြေစိုက်စခန်းမှအရပ်သားဝန်ထမ်းများသည် အခြေစိုက်စခန်းရှိရာသို့ သန်းခေါင်မကျော်မီပြန်လည်ရောက်ရှိရမည်ဟု NHK သတင်းတစ်ရပ်အရ သိရသည်။ အမေရိကန်အခြေစိုက်စခန်းအပြင်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအားလုံးသည် အရက်ဝယ်ယူသောက်သုံးခြင်းနှင့် ပါတီပွဲများကျင်းပခြင်းကို တားမြစ်ထားသည်။

အိုကီနာဝါရှိ အမေရိကန်တပ်ဖွဲ့အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး လော့ရင့်စ်နီကိုးလ်ဆန်က အမျိုးသမီးတစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်းဖော်ပြရန်အတွက် ယခုလိုဆုံးဖြတ်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ သတင်းအရင်းအမြစ်မှ သိရသည်။

စစ်အခြေစိုက်စခန်း အပြင်ဘက်တွင် နေထိုင်သောတပ်ဖွဲ့ဝင်များနှင့် အရပ်သားဝန်ထမ်းများသာ သန်းခေါင်ကျော်၌ စခန်းအပြင်ဘက်သို့ ထွက်ခွာခွင့်ပြုကြောင်းနှင့် ကန့်သတ်မှုများနှင့်ပတ်သက်၍ စနေနေ့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် စီစဉ်ထားကြောင်း ဒုတိယဗိုလ်ချုပ်ကြီးလော့ရင့်စ်နီကိုးလ်ဆန်က ပြောသည်။ သေဆုံးသွားသော အမျိုးသမီးအလောင်း စွန့်ပစ်မှုဖြစ်ပွားပြီးနောက် အမေရိကန်ရေတပ်မှ အရာရှိတစ်ဦးသည် အရက်မူးပြီး ကားမောင်းနှင်မှုဖြင့် ဖမ်းဆီးခြင်းခံရသည်။

အိုကီနာဝါအစိုးရနှင့် တိုကျိုဗဟိုအစိုးရတို့သည် အလားတူပြစ်မှုကျူးလွန်မှုမျိုး နောက်ထပ်မဖြစ်ပွားစေရန် အမေရိကန်တပ်ဖွဲ့အနေဖြင့် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်တောင်းဆိုထားသည်။

**(အင်န်အိတ်ချ်ကေ)**

# ဗီယက်နမ်-အမေရိကန်ဆက်ဆံရေး နွေးထွေးလာမှုအပေါ် တရုတ်ခေါင်းခဲ

**ပေကျင်း မေ ၂၇**

တောင်တရုတ်ပင်လယ် အငြင်းပွားကျွန်းအပေါ် အမေရိကန်နှင့် ဗီယက်နမ်တို့က ရှုပ်ထွေးသော မဟာဗျူဟာသဘောထားအမြင်များ ချမှတ်လိုက်ခြင်းသည် တရုတ်နိုင်ငံအတွက် ထိုးနှက်ချက်တစ်ခုဖြစ်စေခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အာရှသို့ ၎င်း၏နောက်ဆုံးခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံအပေါ် လက်နက်တင်သွင်းခွင့်ပိတ်ပင်မှုကို ရုပ်သိမ်းခဲ့ပြီး ယင်းလုပ်ရပ်သည် ပေကျင်းကိုရည်ရွယ်ခြင်းမဟုတ်ကြောင်း အခိုင်အမာ ထပ်တလဲလဲပြောဆိုခဲ့သည်။

ဟန္တိုင်းနှင့် ဝါရှင်တန်ကြားရှိ ယခင်ကရန်ဘက်ဆက်ဆံရေးမှ ယခုအခါ ပုံမှန်ဆက်ဆံရေးဖြစ်လာခြင်းသည် တရုတ်နိုင်ငံအတွက် ကာလတို၊ ကာလရှည် မဟာဗျူဟာရေးဆွဲရေးတွင် ခေါင်းခဲစရာဖြစ်လာစေသည်ဟု ဒေသတွင်း စစ်ဘက်ဆိုင်ရာအရင်းအမြစ်များနှင့် လုံခြုံရေးလေ့လာသုံးသပ်သူတို့က ဆိုသည်။

အချိန်တိုအတွင်း ဗီယက်နမ်က အမေရိကန်ထုတ် ရေဒါစနစ်၊ အာရုံခံစနစ်နှင့် တရုတ်တပ်ဖွဲ့များကို ပစ်မှတ်ထားစောင့်ကြည့်နိုင်သည့် ပိုမိုကောင်းမွန်သော ထောက်လှမ်းရေး လေယာဉ်နှင့် ဒရုန်းလေယာဉ်များ ပိုင်ဆိုင်လာနိုင်သည့် အလားအလာကို တရုတ်အနေနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုံးသပ်သူများက ပြောသည်။

ကာလရှည်အနေနှင့်ကြုံတွေ့ရမည့် အရေးတစ်ခုမှာ အရှေ့အာရှသို့ အိုဘားမား၏ မဟာဗျူဟာရေးဆွဲရေးတွင် ဟန္တိုင်းကိုအဓိကအချက်အချာနေရာတွင် ထားရှိခြင်းပင်ဖြစ်သည်။ အမေရိကန်လက်နက်ကုမ္ပဏီများသည် ရုရှားနှင့်အပြိုင် ဗီယက်နမ်ကို လက်နက်များရောင်းချမည်ဖြစ်သည်။ အမေရိကန်ရေတပ်သည် တောင်တရုတ်ပင်လယ်ရှိ အကောင်းဆုံး သဘာဝဆိပ်ကမ်းဖြစ်သော ကန်ရမ်ပင်လယ်အော်တွင် အချိန်အတော်ကြာ တပ်စွဲထားလိုကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များကဆိုသည်။

**(ရိုက်တာ)**

# ငြိမ်းချမ်းရေးသဘောတူညီချက် ၁၀ နှစ်ကြာ ရရှိပြီးသည့်တိုင် တရားမျှတမှုအပေါ်ယုံကြည်ချက်ကင်းမဲ့နေဆဲ နီပေါပြည်တွင်းစစ် သားကောင်များ

**သက်မွန်ဦး**

**လာဆင်းအက်ဟီကာရီ ၅၇ နှစ်သည် နီပေါနိုင်ငံ၏ တောင်ကုန်းထူထပ်သော ရှုခွန်ခရိုင်ရှိ မက်ဂမာကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစိုးရစာသင်ကျောင်းတွင် တစ်ချိန်က ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ဖူးသည်။**



မြို့တော် ခတ္တမန္ဒူ၏ အနောက်ဘက် ကီလိုမီတာ ၂၈၀ အကွာခန့်တွင် တည်ရှိသော အဆိုပါကျောင်း၌ ၎င်းသည် အင်္ဂလိပ်စာနှင့်သင်္ချာအပါအဝင် မူလတန်းအဆင့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ဖူးသည်။

၁၉၉၆ ခုနှစ်တွင် တော်ဝင်အစိုးရစနစ်ကို ဆန့်ကျင်သော စီပီအင်န်ကွန်မြူနစ်ဝါဒီများ၏ လုပ်ရပ်မှအစပြု၍ ခါးသီးသော ပြည်တွင်းစစ်ပွဲတစ်ခုပေါ်ပေါက်လာရာ လာဆင်း၏ဘဝသည်လည်း တစ်ဆစ်ချိုးပြောင်းလဲခဲ့ရသည်။ ကျောင်းဆရာသည် ကွန်မြူနစ်အဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟူသော သံသယကြောင့် လုံခြုံရေးတပ်ဖွဲ့၏ဖမ်းဆီးခြင်းကိုခံရပြီး အကြမ်းဖက်သမားအဖြစ်လည်း သတ်မှတ်ခံရသည်။ရဲတပ်ဖွဲ့ဝင်များ၏ ၁၀ ရက်ကြာ ကိုယ်ထိလက်ရောက် နှိပ်စက်မှုများကြောင့် ခန္ဓာကိုယ်တွင် အမာရွတ်များစွာကျန်နေသေးသည်။

တစ်ခုသော တနင်္ဂနွေနေ့တွင် အက်ဟီကာရီသည် ခရိုင်ရုံးချုပ်ရှိ ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကပေးပို့သော အကြောင်းကြားစာတစ်ခုကို ဖျော့တော့စွာ စိုက်ကြည့်နေမိသည်။ "ဒီလိုနည်းနဲ့ ပြည်တွင်းစစ်က ကျွန်တော့်ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်တာပါ။ အစိုးရအပေါ်မှာရော နိုင်ငံရေးပါတီတွေ ခေါင်းဆောင်တွေအပေါ်မှာပါ ထားရှိခဲ့တဲ့ ကျွန်တော့်ရဲ့ယုံကြည်ချက်တွေ ပျောက်ဆုံးခဲ့ရပါတယ်။ တရားမျှတမှုဆိုတဲ့အရာကိုတောင် မမျှော်လင့်ရဲတော့ဘူး။ ဒါပေမယ့် ဒီလိုဖြစ်နေတာကနေ ကျွန်တော်ရုန်းထွက်နိုင်ခဲ့တာ ကံကောင်းတယ်လို့ဆိုရမယ်"ဟု အနည်းငယ်စိတ်လှုပ်ရှားစွာ ဆင်ဟွာသို့ပြောခဲ့သည်။

၁၉၉၆ ခုနှစ်က စခဲ့သော ၁၀ နှစ်ကြာ လက်နက်ကိုင်ပဋိပက္ခသည် ဝန်ကြီးချုပ် ဂီရီဂျာပရာဆတ်ကိုင်ရာလာ ဦးဆောင်ဦးရွက်ပြုသော အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ထိုးနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အဆုံးသတ်နိုင်ခဲ့သည်။ စစ်ပွဲအတွင်း လူပေါင်း ၁၃၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ထိခိုက်ဒဏ်ရာရသူများနှင့် ပျက်စီးဆုံးရှုံးမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့သည်။

အစောပိုင်းတွင် အစိုးရမှ ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်တစ်လျှောက် သားကောင်ဖြစ်ခဲ့ရသူများကို ကူညီထောက်ပံ့မှုများသာပေးခဲ့သော်လည်း အမှန်တရားနှင့် ပြန်လည်ပေါင်းစည်းရေးကော်မရှင်(TRC)နှင့် မြေအောက်လက်နက်ကိုင်သမားများကို စုံစမ်းဖော်ထုတ်ရေးကော်မရှင်(CIED)ဟု အမည်ပေးထားသော လွတ်လပ်သည့် အသွင်ကူးပြောင်းရေး အဖွဲ့အစည်းနှစ်ခုကို စစ်အတွင်း သေဆုံးပျောက်ရှသူများအား စုံစမ်းရှာဖွေရန်အတွက် ဖွဲ့စည်းခဲ့သည်။

TRC သည်ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကို စစ်ဒဏ်ခံခဲ့ရသောပြည်သူများ၏ ဝေဖန်ပြောဆိုမှုအသေးစိတ်အချက်အလက်များကို လက်ခံစုစည်းထားရန် ဆော်သြထားပြီး အမှုများကိုဖြေရှင်းပေးခြင်းအားဖြင့် ခါးသီးသော အတွေ့အကြုံများကို အဆုံးသတ်ရန်ကြိုးပမ်းခဲ့သည်။

အက်ဟီကာရီကဲ့သို့ သားကောင်ဖြစ်ခဲ့ရသူအချို့သည် ပြည်တွင်းစစ်အပြီး ၁၀နှစ်အကြာ တရားမျှတမှုရရှိရေးအတွက် ၎င်းတို့၏ အဖိနှိပ်ခံဘဝများအကြောင်းကို ပြန်လည်ပြောပြရန်အတွက် တစ်လကျော်ကြာ နေ့တိုင်းနီးပါး ပြည်တွင်းငြိမ်းချမ်းရေးကော်မတီသို့ သွားရောက်ခဲ့ရသည်။

ခင်ဘဟာဒါကေစီ၏သားဖြစ်သူ နာဘရတ်ဂျ်ကေစီ ၁၉ နှစ်သည် အကြောင်းကြားစာပုံစံကို လက်ခံရရှိသည့် အခြားတစ်ဦးဖြစ်သည်။ သူသည် မိသားစုဝင်ခြောက်ဦးအတွက် သက်သာချောင်ချိရေးရရှိနိုင်သည့် မျှော်လင့်ချက်ဖြင့် ဂျူလာရွာမှ ခရိုင်ရုံးချုပ်သို့ နာရီအတော်ကြာ ခရီးနှင်ခဲ့သည်။ ဆယ်ကျော်သက်အရွယ်ကောင်လေး၏ ပြောစကားအရ ဖခင်ဖြစ်သူမှာ မရေရာမသေချာသော အကြောင်းပြချက်နှင့် တစ်လကြာဖမ်းဆီးခံထားရသလို ၎င်း၏မိသားစုမှာလည်း ကွန်မြူနစ်တော်လှန်ရေးတပ်ဖွဲ့၏ နှောင့်ယှက်မှုကြောင့် နေရပ်စွန့်ခွာလာခဲ့ရသည်မှာ နှစ်နှစ်ကျော်ကြာပြီဖြစ်ကြောင်း သိရသည်။

"ပိုင်ဆိုင်မှုဆုံးရှုံးရတာတွေအတွက် ကျွန်တော်အမှုဖွင့်ချင်ပါတယ်။ ဒါပေမယ့် အမှုကို မှန်မှန်ကန်ကန်လည်းဖြစ်စေချင်ပါတယ်။ စစ်ပြီးတာ ၁၀ နှစ် ရှိခဲ့ပြီဆိုတော့ စစ်အတွင်းကအမှုတွဲတွေဟာ ဖျက်ဆီးခံရတာတွေလည်းရှိနိုင်တယ်။ ဒါကြောင့် သိပ်တော့မမျှော်လင့်ဘူး။ အဖေလွတ်မြောက်ဖို့အတွက် ကျွန်တော်ဒီကိုလာတာပါ"ဟု ကေစီက ဆင်ဟွာသို့ပြောသည်။

ရှုခွန်ခရိုင်သည် အနောက်အလယ်ပိုင်း ဖွံ့ဖြိုးသည့်ဒေသတွင် တည်ရှိသော်လည်း ယင်းနေရာသည် သောင်းကျန်းသူများ ခိုလှုံရာနေရာလည်းဖြစ်သည်။ တောင်းဆိုမှုများပြုလုပ်သူ ဒုက္ခသည်အချို့သာရှိသော်လည်း အများစုမှာ အစိုးရနှင့် တာဝန်ရှိသူများအပေါ် နားလည်မှု လွဲနေကြသည်။ ထို့ပြင်သက်ဆိုင်ရာအနေနှင့် ပြန်လည်သင့်မြတ်ရေးရည်ရွယ်ချက်အတွက် ဒုက္ခသည်များက တောင်းဆိုမှုများပြုလုပ်လာရန် တွန်းအားပေးပြောဆိုမှုများကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်သေးပေ။

"မကျေနပ်ချက်တောင်းဆိုမှုပေါင်း တစ်သောင်းလောက် မျှော်မှန်းထားတာ ဒါပေမယ့် တရားမျှတမှု ကော်မတီအပေါ် လူတွေကို ယုံကြည်လာအောင်မလုပ်နိုင်သေးဘူး။ အမှုတွဲနည်းနည်းပဲရသေးတယ်"ဟု ခရိုင်ငြိမ်းချမ်းရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ခါဒါဒန်ဂီကပြောသည်။ပြီးခဲ့သော သီတင်းပတ်မတိုင်ခင်အထိ ကော်မတီရုံးမှ ပိုင်ဆိုင်မှုများ၊ ဆုံးရှုံးမှုနှင့် ကိုယ်ထိလက်ရောက်ကျူးလွန်ခံရမှုများအတွက် မကျေနပ်ချက်တိုင်စာ ၅၁၀ သာ လက်ခံရရှိသေးကြောင်းသိရသည်။ ကော်မတီအနေဖြင့် ပြည်တွင်း၌ တောင်းဆိုမှုများပြုလုပ်ရန်သတိပေးချက်များကို ရုပ်သံဌာနလေးခုဖြင့် အပတ်စဉ်ထုတ်သတင်းစာနှစ်စောင်တွင် တရားဝင်ရော တရားမဝင်ပါတောင်းဆိုမှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း ယင်းနည်းလမ်းသည် အစစ်အမှန်ဒုက္ခသည်များကို ထွက်ပေါ်လာအောင် မလုပ်နိုင်ခဲ့ပေ။ အကြောင်းကြားစာပုံစံတင်သွင်းမှု လက်ခံသည့်ရက်မှာ ဇွန်လအလယ်အထိသာဖြစ်သည်။

"အဓိကပြဿနာတစ်ခုကတော့ သာမန်လူတွေ နားလည်ဖို့ခက်တဲ့ ရှုပ်ထွေးနေတဲ့ ဖောင်ပုံစံကြောင့်ပဲ။ ပြီးတော့ ဒီကာလက စိုက်ပျိုးချိန်ကြီး ဖောင်ဖြည့်ဖို့ထက် ရွာသားတွေဟာ သူတို့ရဲ့လုပ်ငန်းကိုပဲစိတ်ဝင်စားတယ်"ဟု ကော်မတီဌာနခွဲမှ ရာဂျူးလာမစ်ဟာနီက ပြောသည်။

ဖောင်ပုံစံတွင် ဒုက္ခသည်သားကောင်ဖြစ်ခဲ့ရသူ၏ အကြောင်းမိတ်ဆက်၊ မိသားစုအဖွဲ့ဝင်များ၊ ဖြစ်ပွားရာအချိန်နှင့်နေရာ၊ မျက်မြင်သက်သေ အချက်အလက်များ၊ ဓာတ်ပုံ၊ ယခင်အစီရင်ခံစာများအပါအဝင် အခြားအချက်အလက်များလည်းပါဝင်သည်။ ရှုခွန်ခရိုင်သည် လူဦးရေ နှစ်သိန်းနီးပါးမျှရှိပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီပေါင်း ၄၃ ခုရှိသည်။ ပုန်ကန်သောင်းကျန်းမှုများအတွင်း လူဦးရေ ၅၆၄ ဦးမှာ ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရပြီး သေဆုံးသူဦးရေ အမျိုးသား ၅၈၁ ဦးနှင့် အမျိုးသမီး ၈၄ ဦးတို့ဖြစ်ကြောင်း ရုံးတွင်း ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

မှတ်တမ်းပြုစုထားသော ဒုက္ခသည်အများစုမှာ ဖြစ်ရပ်ချင်းတူညီကြပြီး ၎င်းတို့သည် သူတို့၏ အမှုကိစ္စများမှာ နိုင်ငံရေးအတွက် အသုံးချနေကြခြင်းသာဖြစ်ပြီး တရားမျှတမှုရှိမည်မဟုတ်ဟု ယူဆနေကြသည်။အာမာရွာမှ အသက် ၅၉ နှစ်အရွယ် လယ်သမားတစ်ဦးဖြစ်သူ ဒန်ဆင်းခတ်ဒ်ကာသည် တစ်ချိန်က ကွန်မြူနစ်တပ်ဖွဲ့များကို ဆန့်ကျင်မှုကြောင့် ပြန်ပေးဆွဲခံခဲ့ရကြောင်းဆင်ဟွာသို့ ပြောကြားခဲ့သည်။

**ကိုးကား -ဆင်ဟွာ**

**သီတင်းပတ်မတိုင်ခင်အထိ ကော်မတီရုံးမှ ပိုင်ဆိုင်မှုများ၊ ဆုံးရှုံးမှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရမှုများအတွက် မကျေနပ်ချက်တိုင်စာ ၅၁၀ သာ လက်ခံရရှိသေးကြောင်း သိရ**

## အင်္ဂလန်တော်ဝင်ရေတပ်စစ်သင်္ဘောများကို လစ်ဗျားလက်နက်မှောင်ခိုမှုများနှိမ်နင်းရန် မြေထဲပင်လယ်သို့ စေလွှတ်မည်

**လန်ဒန် မေ ၂၇**

အင်္ဂလန်နိုင်ငံအနေဖြင့် တော်ဝင်ရေတပ်စစ်သင်္ဘောများကို လစ်ဗျားရှိ လက်နက်မှောင်ခိုမှုများကို နှိမ်နင်းရန် မြေထဲပင်လယ်သို့ စေလွှတ်တော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းတွင် မေ ၂၇ ရက်က ဖော်ပြခဲ့သည်။

လစ်ဗျားနှင့်သက်ဆိုင်သော လူမှောင်ခိုမှုများနှင့် ဒုက္ခသည်ပြဿနာများကို ကူညီရင်း တက်ကြွသော ခေါင်းဆောင်မှုအပိုင်းတွင်ပါဝင်ရန် အင်္ဂလန်နိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ဂျပန်နိုင်ငံတွင် ကျင်းပနေသော ဂျီ-၇ အစည်းအဝေးတွင် ဒေးဗစ်ကင်မရွန်းကပြောခဲ့သည်။

အင်္ဂလန်နိုင်ငံအနေဖြင့် ယင်းဒေသတွင် လေ့လာဆန်းစစ်မှုပြုလုပ်နေသော သင်္ဘောတစ်စီးရှိပြီးဖြစ်ကြောင်း သိရသည်။

အိုင်အက်စ်အဖွဲ့သို့ ပေးပို့မည့် လက်နက်များကို သယ်ဆောင်လာသော သင်္ဘောများကို ဖမ်းဆီးရန် သက်ဆိုင်ရာအရာရှိများသည် ကုလသမဂ္ဂ၏အတည်ပြုချက်ကို ရယူရန်စောင့်ဆိုင်းနေကြောင်း သိရသည်။

လွန်ခဲ့သောအပတ်က လစ်ဗျားအစိုးရသစ်တစ်ရပ်က ယင်းဒေသတွင် ပြုလုပ်နေသော ဆိုဖီယာဟုခေါ်သော စစ်ဆင်ရေးတစ်ရပ်အနေဖြင့် လက်နက်မှောင်ခိုမှုများနှင့် လူမှောင်ခိုမှုများ တိုက်ဖျက်ရာတွင် ပိုမိုကူညီမှုများပြုလုပ်နိုင်ရန် ဥရောပသမဂ္ဂသို့ တောင်းဆိုလိုက်သည်။

တောင်းဆိုမှုများတွင် စစ်သင်္ဘောများဖြင့် ကမ်းရိုးတန်းတပ်ဖွဲ့များကို လေ့ကျင့်ပေးရန်နှင့် မြေထဲပင်လယ်ကိုဖြတ်သည့် တရားမဝင်လူမှောင်ခိုကူးမှုများကို တားဆီးပေးရန်ပါဝင်သည်။

**(ဘီဘီစီ)**

## စစ်ပွဲအတွင်း အပြစ်မဲ့သူ နှစ်သိန်းကျော်သေဆုံး

**ဒမတ်စကက် မေ ၂၇**

၂၀၁၁ မတ်လကတည်းကဖြစ်ပွားနေသော ဆီးရီးယားစစ်ပွဲတွင် အပြစ်မဲ့ပြည်သူ ၂၈၂၀၀၀ ကျော် အသက်သေဆုံးခဲ့ကြောင်း ဆီးရီးယားပြည်တွင်းစစ်အခြေအနေကို စောင့်ကြည့်နေသော လူ့အခွင့်အရေးကော်မရှင်က ပြောခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ကြာသပတေးနေ့အထိထုတ်ပြန်သော သေဆုံးမှုစာရင်းအရ အကြမ်းဖျင်းအားဖြင့် အပြစ်မဲ့ပြည်သူ ၈၁၀၀၀နီးပါး ပါဝင်ခဲ့ပြီး ၎င်းသေဆုံးသူများထဲတွင် အနည်းဆုံး ကလေး ၁၄၀၀၀ နှင့် အမျိုးသမီး ၉၀၀၀ ခန့်ပါဝင်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကပြောသည်။

သေဆုံးသူအများစုသည် အစိုးရတပ်ဖွဲ့များနှင့် အတိုက်အခံအုပ်စုများကြား ဖြစ်ပွားသောစစ်ပွဲများကြား ကြားညှပ်သွားခြင်းဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# မရမ်းကုန်းမြို့နယ်၌ ပြည်သူများအားအထိတ်တလန့်ဖြစ်စေခဲ့သည့် အုပ်စုဖြင့်ရိုက်နှက်ခဲ့သူများကို သက်ဆိုင်ရာကထိန်းသိမ်းနိုင်ခဲ့

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်တွင် ပြည်သူများအား အထိတ်တလန့်ဖြစ်စေခဲ့သည့် အုပ်စုဖြင့် ရိုက်နှက်ခဲ့သူများကို သက်ဆိုင်ရာက အချိန်နှင့် တစ်ပြေးညီထိန်းသိမ်းခဲ့ကြောင်း အဆိုပါမြို့နယ်ရှိ ဘုရင့်နောင်နယ်မြေရဲစခန်းမှ သိရသည်။



ဇေယျာဖြိုး၊ သီဟ (ခ) သီဟထွန်း၊ ကောင်းကောင်း (ခ) ကောင်းမွန်ရည်၊ အောင်ဖြိုးမင်းနှင့် ကျော်စွာအိမ့် တို့အား သက်သေခံ ပစ္စည်းနှင့်အတူ တွေ့ရစဉ်

ဖြစ်စဉ်မှာ မေ ၂၆ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်နေ ကိုသက်ပိုင်မျိုး (၂၀ နှစ်)သည် သူငယ်ချင်းနှစ်ဦးနှင့်အတူ အဆိုပါ ရပ်ကွက်၏ ၅ လမ်းနှင့် အလောင်းဘုရားလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်နေစဉ် ယခင်က စကားများ ရန်ဖြစ်ခဲ့ဖူးသူ မရမ်းကုန်း မြို့နယ် (၂) ရပ်ကွက်နေ သီဟ(ခ) သီဟထွန်း (၂၆နှစ်) အပါအဝင် ခြောက်ဦးတို့က တုတ်ဖြင့် ဝင်ရောက်ရိုက်နှက်သဖြင့် ထွက်ပြေးကာ အနီးရှိ အလှပြင်ဆိုင်အတွင်းသို့ ဝင်ရောက်ပုန်းအောင်းခဲ့ရာ ၎င်းတို့အဖွဲ့က အုတ်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည့်အပြင် ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း ဘုရင့်နောင် နယ်မြေရဲစခန်း၏ မှတ်တမ်းများ အရသိရသည်။

"သတင်းရတာနဲ့ အနီးဆုံးမှာရှိတဲ့ လုံခြုံ့ကင်း မီးတန်းယာဉ်ကို အရင်ဆုံး အကြောင်းကြား စေလွှတ်ခဲ့တယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ အထိတ်တလန့်ဖြစ်နေတဲ့ လူစုလူဝေးကိုတွေ့ရတယ်။ လူအုပ်ကြီးကို လက်ကိုင်စပီကာနဲ့ လူစုခွဲခဲ့ရတယ်။ ပြစ်မှုကျူးလွန်သူ ငါးဦးကိုလည်း မိထားပြီးပါပြီ။ တရားလိုရဲ့ ဦးခေါင်းမှာပေါက်ပြဲ ဒဏ်ရာရခဲ့လို့ နှစ်ချက်ချုပ်လိုက်ရတယ်။ စိုးရိမ်စရာ မရှိပါဘူးဟု ဘုရင့်နောင် နယ်မြေရဲ စခန်းမှူး ရဲအုပ်သန်းဝင်း ကပြောသည်။

ယင်းဖြစ်ပွားမှုကို သတင်းရရှိသည့်နှင့်တစ်ပြိုင်နက် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့်အဖွဲ့နှင့်အတူ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များက မီးတန်း လုံခြုံ့ကင်းမော်တော်ယာဉ်တို့ဖြင့် အခင်းဖြစ်ရပ်သို့သွားရောက်စစ်ဆေးခဲ့ကာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် သီဟ(ခ) သီဟထွန်း၊ အောင်ဖြိုးမင်း၊ ကျော်စွာအိမ့်၊ ဇေယျာ ဖြိုး၊ ကောင်းကောင်း(ခ) ကောင်းမွန်ရည်တို့ငါးဦးအား သက်သေခံပစ္စည်းတို့နှင့်အတူ ည ၁၀ နာရီခွဲခန့်တွင် တွေ့ရှိထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီးပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ဂျိုကာအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါဖြစ်ပွားမှုကြောင့် ကိုသက်ပိုင်မျိုး၏ ဦးခေါင်းတွင် ပေါက်ပြဲ ဒဏ်ရာရရှိခဲ့သည့်အပြင် အလှပြင်ဆိုင်၏ မှန်နှင့် ဆိုင်းဘုတ်တို့ ပျက်စီးခဲ့သဖြင့် ကာလတန်ဖိုးငွေတစ်သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယင်းဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို ကိုသက်ပိုင်မျိုး၏ တိုင်တန်းချက်အရ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ် မြေရဲစခန်းက-(ပ) ၃၅၂/၂၀၁၆၊ ပြစ်မှုပုဒ်မ-၂၉၄/ ၃၂၅/ ၃၃၆/ ၄၅၂/၁၁၄ ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။


**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-YANGON POLICE**

# ကြက်ဥအတုနှင့် ဆိုးဆေးပါရှိသော သားငါးများ စားသုံးသူသင့် မသင့် သိရှိနိုင်ရန်စစ်ဆေး

**ကသာ မေ ၂၇**

ကသာမြို့ပေါ်ရှိဈေးတွင် ကြက်ဥအတွင်းမှ ပန်းရောင်အရည်ထွက်ရှိလာခြင်းကို စားသုံးသူတစ်ဦး၏ သတိပေးချက်အရ မေ ၂၅ ရက် နံနက် ၈ နာရီက ကသာမြို့ သိရိခေမာဈေးအတွင်း ပြည်သူများ ကြက်ဥအတုနှင့် သားငါးများ၊ ငါးချဉ် ဆိုးဆေးအရောင်များ စားသုံးရန် သင့် မသင့်သိရှိနိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်တိ/မွေးကု၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့နှင့် ပူးပေါင်း၍ ဈေးအတွင်း ဝင်ရောက်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ကြက်ဥအတုတွေ့ရှိခြင်းမှာ မေ ၂၂ ရက်က ကသာမြို့မှ အမျိုးသမီးတစ်ဦးသည် စားသုံးရန် ကြက်ဥဝယ်ယူရာတွင် ပန်းရောင်အရည်များ အတွင်းမှ ကျဆင်းလာ၍ ကိုင်ကြည့်ရာ လက်တွင် ပန်းရောင်အရည်များ ပြန့်ကျဲသွားကြောင်း၊ စားသုံးရန်မပြုတော့ဘဲ ကြက်ဥ အကာအတွင်းမှ ပန်းရောင်ဆိုးဆေးပါရှိသည့်အတိုင်းထားရှိရာ နောက်တစ်နေ့တွင် ထည့်ထားသောခွက်အတွင်း ကြက်သွေးများကဲ့သို့ နီရဲစွာဖြစ်ပေါ်နေသဖြင့် ဖေ့စ်ဘွတ်ခ်ပေါ်တွင် အများသိစေရန် တင်လိုက်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ လာရောက်၍ မွေး/ကု ရုံးချုပ်သို့ ဓာတ်ခွဲစစ်ဆေးပို့နိုင်ရန်ပြောကြားခဲ့ကြောင်း၊ သာမန်ကြက်ဥနှင့် ကွဲပြားခြင်းသိရှိရန် မေ ၂၄ ရက် နံနက်တွင် စစ်ဆေးမှုများပြုလုပ်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး ဝယ်ယူစဉ်ဖောက်ထားသည့် မှတ်တမ်းဓာတ်ပုံနှင့် ဖြစ်ပေါ်နေသော ပုံသဏ္ဌာန်များကို နှိုင်းယှဉ်ပြီး ဖောက်ထားသော ကြက်ဥကို မကြော်တော့ဘဲ ရုံးအနီးအိမ်ဆိုင်မှ ကြက်ဥသွားပြန်ဝယ်ရာတွင်လည်း ထပ်မံတွေ့ရကြောင်း၊ ပန်းရောင်ဖြစ်ပေါ်နေမှုကို ဓာတ်ခွဲစမ်းသပ်ရန်အတွက်လည်း တိ/မွေးကုဌာနမှ ယူဆောင်သွားကြောင်း သိရသည်။



အဆိုပါသတင်းကြောင့် ကသာမြို့နယ်အတွင်း ကြက်ဥရောင်းချသည့် ဈေးဆိုင်များအား စဉ်ဆက်မပြတ် စောင့်ကြည့်သွားမည် ဖြစ်ကြောင်းနှင့် စစ်ဆေးပေါ်ပေါက်လာသောအဖြေများကိုလည်း စောင့်ကြည့်၍ လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပြီး သံသယဖြစ်စရာ အစားအသောက်များကို လွယ်ကူစွာ စမ်းသပ်စစ်ဆေးနိုင်သော ပြည်သူ့ဆေးရုံ၌ ဓာတ်ခွဲစက်များထားရှိနိုင်ရန် ဒေသခံများက ပြောကြားသည်။

**ငွေအိုး (ကသာ)**

# ၂၀၁၅-၁၆ ခုနှစ် ဧပြီမှ မတ်လအတွင်း မြန်မာနိုင်ငံ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မေ ၂၇**

၂၀၁၅-၂၀၁၆ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၁ ဒသမ ၁၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၇ ဒသမ ဝ၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၈၈ ဒသမ ၁၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၁ ဒသမ ၆၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၆၆ သန်း နှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၄ ဒသမ ၃၄ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၂၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၀၀ ဒသမ ဝ၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၄၈ ဒသမ ၅၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁၄၈ ဒသမ ၆၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၉၇၃ ဒသမ ဝ၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀၄ ဒသမ ၈၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၁၆၅၇၇ ဒသမ ၈၃ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၇၂၆ ဒသမ ၄၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၄၂၉ ဒသမ ၂၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**



# ငါးကန်များတူးဖော်မှု ရပ်ဆိုင်းပေးရန် ဆန္ဒထုတ်ဖော်

**ပုသိမ် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဦးဟင်သန်း၊ ဦးမြင့်ဆွေ၊ ဦးမြင့်နိုင်တို့ ဦးဆောင်၍ ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာ၌ ငါးကန်များ တူးဖော်နေမှု ရပ်ဆိုင်းပေးရေးနှင့် ရေလုပ်သားများ လွတ်လပ်စွာ ရှာဖွေစားသောက်ရေး စသည်တို့ကို ဆောင်ရွက်ပေးရန်အတွက် ဆန္ဒထုတ်ဖော်ပွဲကို မေ ၂၇ ရက် နံနက် ၁၀နာရီမှစ၍ ပုသိမ်မြို့ ရှုခင်းသာတွင် စုရပ်ပြုလုပ်ပြီး ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်ခဲ့သည်။

ထို့နောက် အင်အား ၂၅၀ ခန့်က မြို့တော်ခန်းမရှေ့ ရွှေစေတီလမ်း ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊မင်းကြီးလမ်း၊ ရွှေစေတီလမ်းမှ မြို့တော်ခန်းမရှေ့ပြန်ရောက်ပြီး မွန်းတည့် ၁၂ နာရီတွင် လူစုကွဲသွားကြောင်းနှင့် ဥပဒေနှင့်အညီ ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# မေ ၂၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မေ ၂၇ ရက် ( သောကြာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၅၀၀ မှ ၄၃၀၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၃၀၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၆၀၀၀ |
| ၆။ | နွေသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၈၀၀ မှ ၁၉၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၁၉၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၃၀ မှ ၁၇၀၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ တောင်သာ၊ မြစ်သား၊ တောင်တွင်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၂၅ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၀၀ မှ ၃၉၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၈၀၀ |
| ၁၂။ | ငရုတ်ရှည် | ကျောက်ရဲ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ ဇီယက်နမ်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၄၅၀၀ |
| ၁၃။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း၊ ကျောက်စိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၃၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၇၇၀ |
| ၁၅။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၆၀၀၀ |
| ၁၆။ | သရက်သီး(ရင်ကွဲ) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀၀၀ မှ ၄၀၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# အုပ်စုဖွဲ့လုယက်သူများကို ရဲတပ်ဖွဲ့ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၇**

တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် မေ ၂၅ ရက် ည ၁၀ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးခင်မောင်ဦးစီးသောအဖွဲ့နှင့် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေစခန်းမှူး ရဲအုပ်အောင်မျိုးလွင်နှင့်အဖွဲ့သည် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်းမီးပွိုင့်အနီး၌ ရောက်ရှိစဉ် ရွာကောက်ရပ်ကွက်အတွင်းနေထိုင်သော ကျော်စိုးနိုင်ပါ နှစ်ဦးထံမှ ပန်းခင်းမီးပွိုင့်ဘက်မှ ဆိုင်ကယ်သုံးစီးဖြင့်လာသည့် အမျိုးသားလူငယ်လေးဦးက ဓားထောက်ပြီး ဆိုင်ကယ်နှင့် ဖုန်းတို့ကို လုယူသွားကြောင်း သိရသဖြင့် ဖမ်းဆီးဖော်ထုတ်ခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သတင်းရလျှင်ရချင်း လိုက်လံဖမ်းဆီးရာ ချမ်းငြိမ်း(ခ) ငြိမ်းချမ်းဇော်၊ စိုးဝင်းသူပါ လေးဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့ လေးဦးကို ဆက်လက်စစ်ဆေးမေးမြန်းရာ လွန်ခဲ့သော သုံးလခန့်က ဥတ္တရသီရိမြို့နယ် ဖိုးစောင်းတောင်တက်သည့်လမ်းဘေး၌ အရက်ထိုင်သောက်နေသည့် လူနှစ်ဦးထံမှ စိုးဝင်းသူ၊ ငြိမ်းချမ်းဇော်တို့ဦးဆောင်၍ ဆိုင်ကယ်လော့ဂျာတစ်စီး၊ ဖုန်းနှစ်လုံး၊ ငွေကျပ် ၃၅၀၀၀ လုယက်မှုအားလည်းကောင်း၊ စိုးဝင်းသူ၊ ငြိမ်းချမ်းဇော်၊ သန်းထက်စိုးတို့သည် ဒက္ခိဏသီရိမြို့နယ် ဆိုင်ကယ်သွားလမ်းဘေး၌ လူနှစ်ဦးထံမှ ငွေကျပ် ၂၀၀၀ နှင့် ဆိုင်ကယ်တစ်စီး လုယက်မှုအားလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာရှေ့၌ အမျိုးသားတစ်ဦးထံမှ မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းတစ်လုံးတို့အား လုယက်မှုတို့ကို ဆက်လက်ဖော်ထုတ်နိုင်ခဲ့၍ လုယက်မှုကျူးလွန်ခဲ့သည့် စိုးဝင်းသူ၊ ငြိမ်းချမ်းဇော်၊ စန်းကို၊ ဘောဘော(ခ) အောင်ကြီးတို့အား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



# မော်လမြိုင်မြို့၌ ဥပဒေအရာရှိနေအိမ် ဖောက်ထွင်းခိုးယူမှုဖြစ်ပွား

**မော်လမြိုင် မေ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိ ဥပဒေအရာရှိနေအိမ်၌ ဖောက်ထွင်းခိုးယူမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မေ ၂၅ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ မောင်ငံရပ်ကွက်နေ ပြည်နယ်ဥပဒေအရာရှိ ဦးမြင့်အောင်သည် ရုံးသို့သွားနေစဉ် နေအိမ်အား ဖောက်ထွင်းခိုးယူမှုဖြစ်ပွားခဲ့ကြောင်း သိရသဖြင့် ပြည်နယ်မှုခင်းရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားသည်။ ဖောက်ထွင်းခိုးယူမှုကြောင့် ပြည်နယ်ဥပဒေအရာရှိ၏ ငွေကျပ်နှစ်သိန်းခြောက်သောင်းနှင့် အိပ်ခန်းအတွင်းမှ ပစ္စည်းအချို့ ခိုးယူခံရပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက်က လှည်းကူးမြို့နယ် မင်းလွင်ကုန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖြိုးမောင် မောင်းနှင်လာသည့် မြတ်သစ္စာခရီးသည်တင်ယာဉ်လိုင်း ယာဉ်အမှတ် 3K---- မော်တော်ယာဉ်ကို ရှာဖွေရာ Alprazolam ဆေးပြား ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဖြစ်မှုကျူးလွန်သူ ဖြိုးမောင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

ထို့အတူ မေ ၂၆ ရက်က ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့(၃)ရပ်ကွက် ဗညားနွဲ့လမ်းနေ မအေးသန်း(ခ)ချိုတီ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၃ ပြားနှင့် မြန်မာငွေကျပ် ၂ ဒသမ ၈ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အက်စစ်များတင်လာသည့် ကုန်တင်ယာဉ်တိမ်းမှောက်

**တောင်သာ မေ ၂၇**

တောင်သာမြို့နယ် ကျောက်ချောကျေးရွာအနီး မိတ္ထီလာ-တောင်သာကားလမ်း မိုင်တိုင်(၁၉/၁)နှင့် (၁၉/၂)ကြား၌ အက်စစ်များ တင်ဆောင်လာသည့် ကွန်တိန်နာပါ တွဲယာဉ်တစ်စီးသည် မေ ၂၅ ရက် ည ၇ နာရီ မိနစ် ၂၀ က တိမ်းမှောက်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်မှ ဆားလင်းကြီးမြို့နယ် ကြေးစင်တောင်သို့ အက်စစ်များ ပို့ဆောင်ရန် ယာဉ်မောင်းအောင်ဖြိုးဝင်းသည် YGN(5D/----)နစ်ဆန်း ၂၂ဘီး တွဲယာဉ်အား တောင်မှမြောက်သို့ မောင်းနှင်လာစဉ် အဆိုပါနေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့ရာ အက်စစ်များ ယိုဖိတ်ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာ ထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်နေရာ၌ အန္တရာယ်မဖြစ်စေရေးအတွက် တာဝန်ရှိသူများက အက်စစ်များ စီးဆင်းမှုကို တားဆီးနိုင်ရန် ယာယီမြေသားကျင်းများ တူးဖော်ခြင်း၊ သဲများဖို့ခြင်း၊ ရေဖြစ်စေသည့် ဓာတ်ပြုအမှုန့်များ ဖြူးပေးခြင်းတို့ ချက်ချင်းဆောင်ရွက်ခဲ့ပြီး အဆိုပါအမှုကို တောင်သာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လင်းလက်ကြယ်( တောင်သာ)**


## ပျဉ်းမနားမြို့နယ်အသင်းဖိတ်ကြားလွှာ

ပျဉ်းမနားမြို့နယ်အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပါ၍ (၂၉- ၅-၂၀၁၆)တနင်္ဂနွေနေ့ရွှေတိဂုံဘုရားတောင်ဘက်မုဒ်၊ ယစ်မျိုးဓမ္မာရုံ သို့ နံနက် (၉)နာရီတွင်ကြွရောက်ချီးမြှင့်ကြပါရန် ပျဉ်းမနားမြို့သူမြို့သားများအား ဖိတ်ကြားအပ်ပါသည်။

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)

## ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအား ကနဦး ယာဉ်မှတ်ပုံတင်ဆောင်ရွက်ချိန်တွင် ကြိုတင်ဝင်ငွေခွန်ကောက်ခံမည့် လုပ်နည်းအစီအစဉ်အား ကြိုတင်ရှင်းလင်းအသိပေးကြေညာခြင်း

- ၁-၆-၂၀၁၆ရက်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ကနဦးယာဉ်မှတ်ပုံတင်ပြုလုပ်သော ယာဉ်များအားလုံး (Show Room/ Sale Centre တွင် ရောင်းချသည့်ကားများအပါအဝင်)သည် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ခြင်းအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။
  [ယခင် ၁၂-၅-၂၀၁၆ရက်နှင့် ၁၃-၅-၂၀၁၆ရက်များတွင် သတင်းစာများ၌ အသိပေးကြေညာချက်ပါ ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရန်မလိုသည့် မော်တော်ယာဉ်အမျိုးအစား(၈)မျိုးမှအပ]
- ပြည်ပမှတင်သွင်းသည့် ယာဉ်များအနေဖြင့် ၁-၆-၂၀၁၆ရက်မှစတင်၍ ဆိပ်ကမ်းတွင် မော်တော်ယာဉ်များအား ထုတ်ယူစဉ် အကောက်ခွန်ဆိုင်ရာကိစ္စများ ရှင်းလင်းဆောင်ရွက်ပြီးပါက အမှတ်(၆၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးတွင် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရပါမည်။
- ပြည်တွင်းထုတ် မော်တော်ယာဉ်များအားလုံးသည် ယခင်အတိုင်း တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများရှိ မော်တော်ယာဉ်တန်ဖိုးဖြတ်ရုံးများတွင် တန်ဖိုးဖြတ်မှုခံယူပြီး ကျသင့်အခွန်ပေးသွင်း၍ ပုံစံထုတ်ယူနိုင်ပါသည်။
- နယ်စပ်ကုန်သွယ်ရေးအစီအစဉ်ဖြင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းလာသော လုပ်ငန်းသုံးမော်တော်ယာဉ်များအနေဖြင့် ယခင်အတိုင်း ကြိုတင်ဝင်ငွေခွန် ၂%အား သက်ဆိုင်ရာOne Stop Service အဖွဲ့ရုံးများတွင် ပေးသွင်းရမည်ဖြစ်ပါသည်။
- ကြိုတင်ဝင်ငွေခွန်ကောက်ခံပြီးပါက လုံခြုံရေးအဆင့်သတ်မှတ်ထားသော သတ်မှတ်ပုံစံအား ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ဆက်လက်၍ ယာဉ်မှတ်ပုံတင်ပြုလုပ်ရန်ဖြစ်ပါသည်။
- ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရာ၌ အောက်ဖော်ပြပါ စာရွက်စာတမ်းများတင်ပြရန် လိုအပ်ပါသည်-
  (က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးသော သွင်းကုန်ပါမစ် (Import Permit)/သွင်းကုန်လိုင်စင် (Import Licence)(မူရင်း၊ မိတ္တူ)
  (ခ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာ (Import Declaration Form)(မူရင်း၊ မိတ္တူ)
- မရှင်းလင်းသည့် ကိစ္စရပ်များ၊ အကြံပြုရန်ကိစ္စရပ်များရှိပါက နေပြည်တော်ရှိ အောက်ဖော်ပြပါ ဖုန်းအမှတ်များနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
  - ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ(ဖုန်း-၀၆၇-၄၃၀၀၀၉)

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/2857 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6555 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်း အထက အဌမတန်း(B)မှ မပွင့်နဒီမောင်၏ ဖခင်အမည်မှန်မှာဦးဇော်မိုး ၈/ကမန(နိုင်)၀၆၂၉၃၃ ဖြစ်ပါကြောင်း။

**ဦးဇော်မိုး**

## အမည်ပြောင်း

မြင်းခြံမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ၂/၃၅၉ နေ ဦးဇော်မင်းသန်း ၉/မခန(နိုင်)၁၆၃၇၉၈၏သမီး အထက(၁)မြင်းခြံ၊ ပဉ္စမတန်းမှ မမေမီမီဇော်အား မခိုင်ဇင်ဇော်သင်းဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ကွက်၊ မော်လမြိုင်တက္ကသိုလ် ပထမနှစ်(အင်္ဂလိပ်စာ)မှ ဦးထွန်းထွန်းနိုင်၏သမီး မရွှန်းလဲ့ရည်ထွန်း ၁၂/မဘန(နိုင်)၁၄၀၇၂၅အား မရွှန်းလဲ့ထွန်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **ရွှန်းလဲ့ထွန်းနိုင်**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ရသစ်ကျေးရွာ၊ အထက ပဉ္စမတန်းမှ မဇင်မာဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စောဝင်း ၉/မခန(နိုင်)၁၈၃၉၇၄ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ဦးမင်ကောင်းဂူး ၁၃/လရန(နိုင်)၀၈၄၂၆၈ ၏ နိုင်ငံကူးလက်မှတ် MA- ၂၉၁၀၄၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၃၈၉၈၈**

## အမှားပြင်ဆင်ချက်

၃၁-၃-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာမှ ဦးဝင်းမြင့်မိုး၏ မှတ်ပုံတင်အမှတ်အား ၁၂/ဗတထ(နိုင်)၀၁၇၃၇၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **YCDC**

# သုဝဏ္ဏဝတီမြို့၌ နှစ်စဉ်ရေကြီးမှုများကို ကာကွယ်ရန် တိမ်ကောနေသောချောင်းအား တူးဖော်



**သုဝဏ္ဏဝတီ မေ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ မိုးရာသီတွင် မြို့တွင်းကားလမ်းမပေါ်သို့ ရေလွှမ်းမိုးခြင်းမရှိစေရန် ကျဉ်းမြောင်းတိမ်ကောလာသည့် ကျိုက္ကော်ချောင်းကို စက်ယန္တရားဖြင့် မေ ၂၂ ရက်က စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

ထိုသို့တူးဖော်ရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့်အဖွဲ့သည် ပြည်သူများ၏ လိုအပ်ချက်များကို ဝိုင်းဝန်းလုပ်ကိုင်လျက်ရှိသည်။

“ဒီချောင်းကြီးကို ချောင်းရိုးအတိုင်း တောက်လျှောက်တူးဖော်ပေးစေချင်ပါတယ်။ ချောင်းက ရေစီးအား၊ ရေဆွဲအားကောင်းသွားရင် ဒီမြို့ ရေမကြီးနိုင်တော့ပါဘူး”ဟု ဒေသခံတစ်ဦးက ပြောသည်။

သုဝဏ္ဏဝတီ မြို့သူ/မြို့သားများသည် ယခုကဲ့သို့ ကျိုက္ကော်ချောင်းကို တူးဖော်ဆောင်ရွက်ပေးသည့်အတွက် မြို့တွင်းကားလမ်းမများပေါ်သို့ ရေလွှမ်းမိုးခြင်းမှ ကင်းဝေးတော့မည်ဖြစ်၍ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**ပဲခူး**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရက် ၁၀၀ စီမံချက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို မေလတတိယပတ်က ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် ပဲခူးမြို့တွင် ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စပယ်နှင့် စစ်ဆေးရေးမှူး ဦးမျိုးသက်တို့က ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**စိန်လှိုင်ဗိုလ်**

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်းဆောင်ရွက်နေသည့် တဂေးကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း (၀/၄)မိုင် ခုတ်ခွားကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း(၀/၄)မိုင် လုပ်ငန်းများကို မေလဒုတိယပတ်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့မှ မေ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဟသ်ာတ**

ဟသ်ာတမြို့၌ ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် ရက် ၁၀၀ စီမံချက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း (၂/၂၀၁၆)ကို မေ ၂၃ ရက်က ဖွင့်လှစ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက အမှာစကားပြောကြားသည်။ သင်တန်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာများ၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့အသုံးချနိုင်မည့် သင်ခန်းစာများ၊ သဘာဝဘေးအတွက်အစိုးရနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်နေမှုများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောဆွေးနွေးပွဲကို မေ ၂၅ ရက်က ကူမဲစာပန်းဥယျာဉ် စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်အစ ဆေးလိပ်က ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် မူးယစ်ဆေးဝါးအသိပညာပေး ဓာတ်ပုံဘုတ်များ၊ နံရံကပ်ဘုတ်များဖြင့် ကျောင်းသား ကျောင်းသူများအား ပြသခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁)ရပ်ကွက် ချောင်းတောင်ချောင်းအတွင်း စုပေါင်းသန့်ရှင်းရေးကို မေလတတိယပတ်က ကော့ကရိတ်မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ချောင်းတောင်ချောင်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ် စည်ပင် ရက် ၁၀၀ စီမံချက် ချမှတ်ဆောင်ရွက်




**ရေစကြို မေ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ငွေလုံးငွေရင်းအသုံးပြု ဆောင်ရွက်မှာကတော့ လမ်းခင်းခြင်းလုပ်ငန်းငါးခု၊ မြို့ပြသာယာလှပရေး လုပ်ငန်းနှစ်ခု၊ အခြားလုပ်ငန်းလေးခု စုစုပေါင်း လုပ်ငန်း ၁၁ ခုကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

“ရက် ၁၀၀ အတွင်း မြို့သန့်ရှင်းသာယာလှပရေးကို (အထူးသတ်မှတ်)ပြီးတော့ ဆောင်ရွက်နေပါတယ်။ နေ့စဉ်ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်၊ အသံချဲ့စက်ဖြင့် လမ်းအလိုက်၊ ရပ်ကွက်အလိုက် ကြေညာပြီး အမှိုက်သိမ်းစနစ်၊ အဓိကလမ်းမကြီးတွေမှာ အိမ်တိုင်းအမှိုက်ပုံးထားရှိပြီး နေ့စဉ်အမှိုက်သိမ်းစနစ်၊ ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်တွေနဲ့ ဆောင်ရွက်နေသလို အမှိုက်ကန်တွေမှာ တစ်ရက်ကို ၃ တန်နှုန်းနဲ့ အမှိုက် သိမ်းနေပါတယ်”ဟု တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ရှင်းပြသည်။

စနေနေ့တိုင်းမှာလည်း ဌာနဆိုင်ရာ၊ မြို့လူထု၊ လူမှုရေးအသင်းအဖွဲ့နဲ့ပူးပေါင်းပြီး မြို့သာယာလှပရေး၊ အထူးသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာများ ကွင်းဆင်းပြုပြင်ပေး

**တပ်ကုန်း မေ ၂၇**

နေပြည်တော်အမှတ်(၆၈) စက်မှုလယ်ယာစခန်း တပ်ကုန်းမြို့နယ်မှ တောင်သူများ မိုးသီးနှံအချိန်မီစက်စွမ်းအားပြည့် လုပ်ငန်းခွင်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလယ်ယာစက်ပြင်ဝန်ထမ်းများဖြင့် ကျေးရွာများသို့ ကွင်းဆင်းပြုပြင်ပေးခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအုပ်စု ဇရပ်ကြီးကုန်းရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြုပြင်ဆောင်ရွက်ရာတွင် နေပြည်တော်စက်မှုလယ်ယာ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုး၏ဦးဆောင်မှုဖြင့် ဥတ္တရခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးဇော်ဇော်ထွန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးသန်းဇော်ဦးတို့ကြီးကြပ်ကာ စက်ပြင်ဝန်ထမ်းအဖွဲ့က ဇရပ်ကြီးကုန်းကျေးရွာရှိ လက်ကိုင်ရှည်လက်တွန်းထွန်စက်ရှစ်လုံးကို ကွင်းဆင်းပြုပြင်ပေးခဲ့သည်။ **(အောက်ပုံ)**ယခုကဲ့သို့ ပြုပြင်ဆောင်ရွက်ပေးခြင်းသည် ဌာနမှ ဝယ်ယူထားသည့် လယ်ယာသုံးစက်ကိရိယာများအပြင် ပြင်ပမှဝယ်ယူထားသော လယ်ယာသုံးစက်ကိရိယာများကိုလည်း စက်မှုလယ်ယာဦးစီးဌာနမှ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးများ၏ စာရင်းနှင့်မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်

*စာမျက်နှာ ၁၇ မှ*

ဒေသတွင်းမှာ စီးပွားရေးအင်အားကြီး အိမ်နီးချင်းနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့တရုတ်နိုင်ငံတွေမှာ နိုင်ငံတကာဆက်ဆံရေးကအစ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး ဒီလိုဆက်နွယ်မှုတွေ အများကြီးရှိသလို နယ်စပ်ဒေသတည်ငြိမ်အေးချမ်းဖို့အတွက် အရေးကြီးတဲ့ နိုင်ငံတွေလည်းဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့အတူ အိမ်နီးချင်းနိုင်ငံတွေနဲ့လည်း မိတ်ဝတ်မပျက်တဲ့ နှစ်နိုင်ငံအကြား ဆက်ဆံရေးအဖြစ် ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ အချုပ်အခြာအာဏာအရ တန်းတူညီမျှမှုနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရာမှာ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းမှု၊ ပြည်သူတွေအချင်းချင်းဆက်ဆံရေးနဲ့ ချစ်ကြည်နားလည်မှုကို အခြေခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ချစ်ကြည်ရေးခရီးစဉ်တွေအပြန်အလှန်သွားရောက်ပြီး အစဉ်အလာအရ ခင်မင်ရင်းနှီးတဲ့ဆက်ဆံရေးကို ထိန်းသိမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ၅ နှစ်တာကာလမှာကော ဘယ်အချက်တွေ အဓိကထားဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

ဆောင်ရွက်ရေးတွေမှာ အဟန့်အတားဖြစ်နေခဲ့ရတဲ့အတွက် problem child လို့တောင် ပြောကြပါတယ်။ အခုတော့ မြန်မာနိုင်ငံပါဝင်မှုကြောင့် အာဆီယံရဲ့ ဂုဏ်ရောင်ပိုတောက်ပြောင်လာပြီးတော့ အာဆီယံနဲ့ နိုင်ငံတကာဆက်ဆံရေးမှာ ပိုမိုတိုးတက်မြင့်မားလာစေရမယ့် အခြေအနေမျိုးရောက်အောင် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့ဆယ်စုနှစ်(၂)ခု ကျော်ကနေ အခုအထိ နိုင်ငံတကာမျက်နှာစာမှာ ဝေဖန်ဖိအားပေးတာတွေ ရင်ဆိုင်ခဲ့ရပါတယ်။

ဒုတိယရည်မှန်းချက်ကတော့ မြန်မာနိုင်ငံက ကတိကဝတ်ပြု ပါဝင်ဆောင်ရွက်ဖို့ရှိတဲ့ လူ့အခွင့်အရေးနဲ့ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်တွေကို အတည်ပြုပါဝင်လက်မှတ်ရေးထိုးပြီးတော့ ကတိကဝတ်ပြုမှုတွေကိုပြသပြီး နိုင်ငံပုံရိပ်ကို မြှင့်တင်သွားမှာဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ချဉ်းကပ်ဆောင်ရွက်ပုံကို ထိပ်တိုက်ရင်ဆိုင် (social visa) နဲ့ ပြည်နေခွင့် ၂၈ ရက်ပဲ ခွင့်ပြုထားတာမျိုးကို သုံးလကနေ ခြောက်လအထိ တိုးမြှင့်နေထိုင်ခွင့်ရရှိစေဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံသားဟောင်းတွေထဲက ကိုယ့်နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစတာတွေမှာ ကူညီပံ့ပိုးပေးဖို့ တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးဖို့ ပြန်လာလိုသူတွေနဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ၊ ဆရာဝန်ကြီးတွေရဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ အတွေ့အကြုံတွေ၊ အရင်းအနှီးတွေကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အခြေအနေကောင်းတွေကို ဖန်တီးပေးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ ဦးနှောက်ယိုစီးမှု (Brain drain) ကနေ ဦးနှောက်အမြတ်ရမှု (Brain gain) အသွင်ပြောင်းလဲရေး ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးက ပြည်ပမှာ ရာဇဝတ်မှုဖြစ်နေသူတွေဆိုရင်တောင် ပစ်ပယ်မထားဘဲ ကူညီဆောင်ရွက်ပေးဖို့ မှာကြားထားပါတယ်။ ပြည်ပမှာ ဖမ်းဆီးခံထားရတဲ့ မြန်မာမှာ အားနည်းတယ်လို့ ဆိုနိုင်ပါတယ်။

အခု မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းမှာ အဘက်ဘက်က ကူညီပံ့ပိုးထောက်ပံ့မှုတွေ တိုက်ရိုက်ပေးအပ်ဖို့ အလှူရှင်တွေ စိတ်ဝင်စားမှုအကြီးမားဆုံးအနေအထားကို ရောက်ရှိနေပါတယ်။ ဒီအနေအထားကို မြန်မာနိုင်ငံအနေနဲ့ အကျိုးရှိရှိ အသုံးချတတ်ဖို့လိုအပ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဝန်ကြီးက မေလ ၁၁ ရက်နေ့က ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းအကြီးအကဲတွေကို တွေ့ဆုံပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးမှာ ကျွန်တော်တို့နိုင်ငံရဲ့ သဘောထားတွေကို ပြောကြားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အလှူရှင်နိုင်ငံတွေက အမှန်တကယ် လိုအပ်တဲ့နေရာမှာ ကူညီပံ့ပိုးမှုပေးဖို့၊ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ လုပ်ငန်းတွေထပ်မနေစေဖို့ အလေးထားပြောခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားအလှူရှင်များ ညှိနှိုင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းမှာဖြစ်ပါတယ်။

နိုင်ငံတော်နှင့် ပြည်သူပြည်သားတွေ၏ အကျိုးစီးပွား



မေ ၂၂ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီတို့ နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်



ဇွန် ၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီတို့ တွေ့ဆုံစဉ်

ဖြေ။ ။ နိုင်ငံတကာဆက်ဆံရေးဆိုတာက စဉ်ဆက်မပြတ် ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒီဆက်ဆံရေးကို အခြေခံပြီးတော့ ကိုယ့်နိုင်ငံအကျိုးစီးပွားရဖို့အတွက် ငွေကြေး၊ နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ကူညီပံ့ပိုးမှုတွေရဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လာမည့် ၅ နှစ်တာကာလအတွင်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံနဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာ၊ ပုံရိပ်ပြန်လည်မြှင့်တင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတဲ့ ရည်မှန်းချက်ထားပါတယ်။ အထူးသဖြင့် ကျန်ရှိနေဆဲ လူ့အခွင့်အရေး စိန်ခေါ်မှုတွေကို အမျိုးသားရင်ကြားစေ့ရေး မထိခိုက်စေဘဲ ရင်ဆိုင်ဖြေရှင်းနိုင်အောင် ဦးတည်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

အရင်က မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးအခြေအနေကြောင့် အာဆီယံအဖွဲ့နဲ့ အနောက်နိုင်ငံတွေရဲ့ ပူးပေါင်းမှုအစား ထိတွေ့ပူးပေါင်းဆောင်ရွက်မှုပုံစံနဲ့ ပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေရဲ့ အခွင့်အရေး၊ အခွင့်အလမ်းတွေ အပြည့်အဝရရှိဖို့ရော ဘယ်လို ကူညီဆောင်ရွက်သွားမှာပါလဲ။**

ဖြေ ။ ။ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့အကျိုးကာကွယ်မြှင့်တင်ရေးဟာ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ မြန်မာသံရုံးတွေရဲ့အဓိကဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ပြည်ပမှာနိုင်ငံသားတွေ အလုပ်လုပ်တဲ့အခါ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံတွေရဲ့ ဥပဒေစည်းမျဉ်းတွေ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ၊ အကာအကွယ်တွေရရှိအောင် တတ်စွမ်းသလောက် ကြိုးပမ်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားဟောင်းတွေအတွက် လူမှုရေးဗီဇာ နိုင်ငံသားအကျဉ်းသားတွေရဲ့ ပိုပြီးအလေးထားဆောင်ရွက်ပေးမှာ ဖြစ်ပြီးတော့ အရင် ထိုင်းနိုင်ငံမှာ အကျဉ်းကျနေတဲ့ မြန်မာနိုင်ငံသားတွေကို ပြစ်ဒဏ်တွေ လျှော့ပေါ့စေဖို့ သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ ညှိနှိုင်းမှုတွေကို အရင်က တစ်နှစ်တစ်ကြိမ်သာ ဆောင်ရွက်ပေးခဲ့ရာကနေ အခု သုံးလတစ်ကြိမ် ဆောင်ရွက်ပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး။ ။ လက်ရှိ နိုင်ငံတကာအဖွဲ့စည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ရေရှည်မျှော်မှန်းချက်တွေကိုလည်း ပြည်သူတွေသိရှိစေဖို့ ပြောကြားပေးပါ။**

ဖြေ။ ။ လက်ရှိအားဖြင့် မြန်မာနိုင်ငံမှာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၈ ခု ခန့်ရှိပါတယ်။ အလှူရှင်နိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှုတွေဟာ လူသားချင်းစာနာထောက်ထားမှုအကူအညီဘက်မှာသာများပြီး ဖွံ့ဖြိုးရေးဘက်ကို ကာကွယ်မြှင့်တင်ရေးကို မျှော်မှန်းချက် (vision) အဖြစ် သတ်မှတ်ပြီး လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်များ၊ အကျိုးစီးပွားများကို ကာကွယ်ပေးရေးအတွက် ကူညီဆောင်ရွက်ရေး၊ နှစ်ပြည်ထောင်အဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာပါဝင်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အကူအညီတွေရရှိရန် ဆောင်ရွက်ပေးရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတကာပုံရိပ် ပြန်လည်ကောင်းမွန်လာရေးကို နိုင်ငံခြားရေးဝန်ကြီးဌာနက အဓိကအလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။

## သတင်းတိုများ

### ကျေးရွာအလကကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကန်ရှည်ကျေးရွာအုပ်စု ကန်ရှည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် မေ ၂၅ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် ကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ်ပညာရေးမှူး ဦးသိန်းမောင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူးက ပညာရေးမြှင့်တင်ဆောင်ရွက်ချက်များနှင့် ကျောင်းအပ်နှံရေးတွင် မိဘများ ပူးပေါင်းပါဝင်ရေး တိုက်တွန်းပြောကြားသည်။ ကန်ရှည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို ၁၉၅၃ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အလယ်တန်းကျောင်း(ခွဲ)အဆင့်ဖြစ်လာကာ ပတ်ဝန်းကျင် ကျေးရွာလေးရွာမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည်။

**ထွန်းထွန်း(သာစည်)**

### (၃၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက်သာသနာ့ဗိမာန်တော်ကြီး၌ (၃၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို မေ ၂၅ ရက်က ကျင်းပခဲ့သည်။ စာမေးပွဲကို တိုက်ကြီးမြို့ ဗုဒ္ဓဘာသာယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တပညာဝံသနှင့် သာသနာရေးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်၍ကျင်းပပြီး တိုက်ကြီးမြို့ စာဖြေဌာနတွင် ၆၀၀၊ ဥက္ကံစာဖြေဌာနတွင် ၄၀၁ ဦး၊ အဖျောက်စာဖြေဌာနတွင် ၉၃ဦး၊ တော်လတီစာဖြေဌာနတွင် ၁၂၀ ဦး၊ ရွာသာစာဖြေဌာနတွင် ၂၄၂ ဦး၊ ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးကျောင်း စာဖြေဌာနတွင် ၁၀၈ ဦး စုစုပေါင်း ၁၅၆၅ ဦးဖြေဆိုကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

### ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဖွင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကျောက်ဖြူခရိုင် လူမှုဝန်ထမ်းရုံးကကြီးမှူး၍ ရက် ၁၀၀ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို မေလ ဒုတိယပတ်က ကျောက်ဖြူမြို့ အစိုးရရပ်ကွက်စိန်ပေါ်လ်ကျောင်း၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ကျောက်ဖြူခရိုင် လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်စိန်စမ်းကြည်က ရှင်းလင်းပြောကြားပြီး သင်တန်းသူ ၃၇ ဦးတက်ရောက်ကာ သင်တန်းကာလမှာ မေ ၁၅ ရက်မှ ဇွန် ၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ရှမ်းပြည်နယ်အုပ်ချုပ်ရေးမှူး တွေ့ဆုံပွဲကို မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ မေ ၂၅ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းရွှေက မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုက်ဖယ်ရွာသစ်နှင့် တင်တပ်ကျေးရွာမှ လေဘေးသင့်အိမ်ထောင်စုများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သောငွေကျပ် ၁၅ သိန်းကို ကျေးရွာတာဝန်ခံ ဦးစိုင်းအိုက်ထွန်းထံ ပေးအပ်သည်။ ထို့နောက် လင်းခေးခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အတွင်းရှိ မိုးနဲမြို့နယ် ၊မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ ကျိုင်းတောင်းမြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် မိုးနဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ပြည်နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များ တင်ပြခဲ့သည်။

**မျိုးညွန့်ရွှေ**

### ကျောင်းအပ်နှံရေးသီတင်းပတ်စတင်ချိန်တွင် ကျောင်းအပ်နှံသူများစည်ကား

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်စတင်သည့် မေ ၂၅ ရက် မှစ၍ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ မလှိုင်မြို့နယ်ပညာရေးဌာနအနေဖြင့် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် အခြေခံပညာကျောင်း ၁၈၆ ကျောင်းတွင် တစ်ပြိုင်တည်း ကျောင်းအပ်လက်ခံလျက်ရှိကြောင်း၊ မူလတန်းကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက် အုပ်၊ ပြဋ္ဌာန်းစာအုပ်များ အခမဲ့ပေးကာ အလယ်တန်းနှင့် အထက်တန်းအတွက် ပြဋ္ဌာန်းစာအုပ်များကို အခမဲ့ပေးအပ်ပြီး မည်သည့် အခကြေးငွေမှ ကောက်ခံခြင်းမရှိကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးစောလွင်၏ ပြောကြားချက်အရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် ဖမ်းဆီးခံခဲ့ရသော နိုင်ငံခြားသားများအား လွှဲပြောင်း

**တာချီလိတ် မေ ၂၇**

မြန်မာနိုင်ငံတွင် တည်းခိုနေထိုင်ပြီး ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် ဖမ်းဆီးခံရသူ တရုတ်နိုင်ငံသားခြောက်ဦးနှင့် ထိုင်ဝမ်နှစ်ဦးကို မြန်မာနိုင်ငံ တာဝန်ရှိသူများက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)၌ သက်ဆိုင်ရာနယ်စပ်ဂိတ်များမှ တာဝန်ရှိသူများထံသို့ မေ ၂၄ ရက်က ပြန်လည်လွှဲပြောင်း ပြည်နှင်ခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်ကျခံရသူ တရုတ်နိုင်ငံသားခြောက်ဦးနှင့် ထိုင်ဝမ်နှစ်ဦးသည် တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ မထောင်ဟွာ(အိမ်ခန်းငှား)၏ နေအိမ်တွင် တည်းခို နေထိုင်၍ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အဆိုပါ ဖမ်းဆီး ခံရသူ ၁၁ ဦးအား ၁၉၄၇ ခုနှစ် လဝက (လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေဖြင့် အမှုဖွင့် အရေးယူခဲ့ပြီး သုံးဦးကို တာချီလိတ်မြို့နယ်ရဲစခန်း၌ ချုပ်နှောင်ထားရှိကာ အမှုဖွင့်ထားကြောင်း၊ ကျန်တရုတ်နိုင်ငံသား ခြောက်ဦးနှင့် ထိုင်ဝမ်နှစ်ဦးကို ပြန်လည်ပြည်နှင်ခြင်းဖြစ်ကြောင်း သိရသည်။




တရုတ်နိုင်ငံသားခြောက်ဦးကို တာချီလိတ်မြို့နယ် လဝကမှ ဒုတိယဦးစီးမှူး ဦးမျိုးနိုင်ဦးစီးသည့် အဖွဲ့ဝင်များက မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်မှ ကျိုင်းတုံသို့ ပို့ဆောင်ပြီး မိုင်းလားနယ်စပ်စစ်ဆေးရေးဂိတ်မှ တစ်ဆင့် ပြန်လည်လွှဲပြောင်းပြည်နှင်ခဲ့ကာ ထိုင်ဝမ်နှစ်ဦးကို တာချီလိတ်ခရိုင် လဝက၊ မြို့နယ်ရဲတပ်ဖွဲ့၊ နယ်ခြားကော်မတီ ပူးပေါင်းအဖွဲ့များက ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ် နယ်ခြားကော်မတီမှ ဒုဗိုလ် ထုံချိုင်းအမ်ဆမ် ဦးစီးအဖွဲ့သို့ ထိုင်း-မြန်မာအမှတ်(၁)ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပြည်နှင်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အပူဒဏ်ခံစပါးမျိုးသစ်များထုတ်လုပ်ရန် သုတေသနပြုလုပ်

**ရေဆင်း မေ ၂၇**

အပူရှောင်စပါးနှင့် အပူဒဏ်ခံစပါးမျိုးသစ်များကို သုတေသနလုပ် စမ်းသပ်နေပြီး လာမည့် ၂၀၁၇ ခုနှစ် မိုးစပါးချိန်အမီ တောင်သူများထံသို့ စတင်ဖြန့်ဖြူးနိုင်ရန် လုပ်ဆောင် နေကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပြောင်းလဲသောရာသီဥတုနှင့်ကိုက်ညီသည့် စပါးမျိုးများကို တောင်သူများရရှိရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းကာ မျိုးစပါးအသစ်များကို စမ်းသပ်စိုက်ပျိုးနေကြောင်း အပင်မျိုးမွေးမြူရေး အပင်ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနမှ ကထိက ဒေါက်တာ သန်းမြင့်ထွန်းက ပြောသည်။

"အဲဒီမျိုးက ခာတ်ခွဲခန်းထဲမှာ စမ်းသပ်ပြီးသား။ အပြင်မှာတော့ မစမ်းရသေးဘူး။ တကယ် သဘာဝအပူချိန်မှာ ဘယ်လောက်ခံနိုင်လဲဆိုတာ စမ်းနေတာ။ နောက်ထပ်လည်း ကျောင်းအနေနဲ့ မျိုးသစ်တွေ သုတေသနလုပ်ဖို့ အများကြီးရှိပါသေးတယ်။ တောင်သူတွေဆီကို မျိုးသစ်တွေ အမြန်ဆုံးဖြန့်ဖြူးနိုင်ဖို့ဆိုတာက နည်းပညာအခက်အခဲတွေကြောင့် အချိန်အတိုင်းအတာတစ်ခုထိတော့ စောင့်ဖို့လိုပါမယ်" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စမ်းသပ်စိုက်ပျိုးထားသည့် စပါးမျိုးများကို လာရောက်လေ့လာနေသူ ရေဆင်းရွာမှ တောင်သူတစ်ဦးက 'အခုစိုက်ပျိုးရေးတက္ကသိုလ်က အထွက်နှုန်းကောင်းတဲ့ စပါးမျိုးရယ်၊ သက်တမ်းတိုစပါးမျိုးရယ်၊ အပင်ယိုင်လဲမှု ဒဏ်ခံနိုင်မယ့် စပါးမျိုးတွေကို လာရောက်ရွေးချယ်တာပါ" ဟု ပြောသည်။

ယခင်က စပါးမျိုးသစ်များကို စိုက်ပျိုးရေးသုတေသနဌာနကသာ ထုတ်လုပ်သည့် အစဉ်အလာရှိပြီး ယခု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပထမဆုံးအကြိမ် သုတေသန လုပ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သုတေသနအေဂျင်စီမှ ပညာရှင်တစ်ဦးပူးပေါင်း၍ နောင်ဖြစ်လာမည့် ပြဿနာကို ကြိုတင်ဖြေရှင်းနိုင်ရန်အတွက် အပူရှောင်နှင့် အပူဒဏ်ခံမျိုးကို စတင်စမ်းသပ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- ဇူလိုင်မိုး(မြန်မာ့အလင်း)**

# USAID အကူအညီဖြင့် ဆောင်ရွက်နေသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**ဆိပ်ဖြူ မေ ၂၇**

အမေရိကန်နိုင်ငံမှအလှူရှင် USAID ၏ အကူအညီဖြင့် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာအချို့တွင် ဆောင်ရွက်နေသည့် ရှေ့သို့စီမံကိန်းလုပ်ငန်းများကို အဆိုပါစီမံကိန်းမှ တာဝန်ရှိသူများက မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ကွင်းဆင်းလေ့လာရာတွင် ပက်(မြန်မာ) ရှေ့သို့စီမံကိန်းအကြီးအကဲ Mr.Mattew Paul Tiedemann နှင့်အတူ ပက်(မြန်မာ)မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမန်နေဂျာ၊ စောင့်ကြည့်လေ့လာဆန်းစစ်ရေး မန်နေဂျာများနှင့် တာဝန်ရှိသူများက ဆိပ်ဖြူမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမှ ကျေးရွာ ၂၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးအထောက်အပံ့များနှင့် နည်းပညာများကို အသုံးပြုနေမှုအခြေအနေများ၊ စီမံကိန်းအလွန်ကာလတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက လုပ်ငန်းဆက်လက်ဆောင်ရွက်မှု အခြေအနေများ၊ ရရှိလာသည့် အကျိုးအမြတ်များဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားအတွက် အသုံးချဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းလေ့လာခဲ့ပြီး စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**



ရက် ၁၀၀ စီမံချက်ကာလအတွင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မေ ၂၄ ရက်က ရဲမှူး သိန်းအောင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးတို့ ဦးဆောင်၍ ယာဉ်စစ်၊ ပိတ်ဆို့မှုအဖွဲ့ သုံးဖွဲ့၊ လှည့်ကင်းဆောင်ရွက်မှု (လမ်းကြောင်း)အဖွဲ့ သုံးဖွဲ့တို့ဖြင့် ယာဉ်စစ်၊ ပိတ်ဆို့နှင့် လှည့်ကင်းများ ဆောင်ရွက်လျက်ရှိရာ အမှတ်(၄) ရဲဒေသမှူး ရဲမှူးကြီး ဇေယျာဟန်နှင့်အဖွဲ့ လာရောက်စစ်ဆေးစဉ်

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေး

**ရေစကြို မေ ၂၇**

ရေစကြိုမြို့မဈေးအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်အရောင်းဆိုင်များမှ စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိကို ပခုက္ကူခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးသန်းဦးနှင့် တာဝန်ရှိသူများ မေ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ရေစကြိုမြို့မဈေးအတွင်း စားသောက်ကုန်ရောင်းချတဲ့ဆိုင်တွေကို လိုက်လံစစ်ဆေးခဲ့တဲ့နေရာမှာ ခွင့်မပြုဘဲ ဓာတုဆိုးဆေးတွေပါဝင်တဲ့ စားသောက်ကုန်ပစ္စည်းတွေ စစ်ဆေးတွေ့ရှိပါတယ်။ ဒါကြောင့် ရောင်းချသူများအနေနဲ့ စားသုံးသူတွေအတွက် အန္တရာယ်ဖြစ်စေတဲ့ စားသောက်ကုန်တွေမရောင်းချဖို့ အသိပညာပေးဆွေးနွေးဟောပြောခဲ့ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ လောလောဆယ်မှာတော့ ပညာပေးလုပ်ငန်းကို အဓိကထားဆောင်ရွက်နေပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးသန်းဦးက ပြောပြသည်။ စစ်ဆေးရာတွင် မြို့မဈေးအတွင်းမှ ငါးပိ၊ ငါးခြောက်အရောင်းဆိုင်များ၊ စားဆီအရောင်းဆိုင်များ၊ လက်ဖက်အစိုနှင့်အကြော်အရောင်းဆိုင်များ၊ မုန့်မျိုးစုံအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဖေထွက်းဇော်(ရေစကြို)**

# မိုဘိုင်းငွေကြေးစနစ်တစ်ခုကို AGD ဘဏ်နှင့် True Money တို့ ပူးပေါင်း၍ မကြာမီစတင်မည်

**ရန်ကုန် မေ ၂၇**

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် AGD အနေဖြင့် ပြည်တွင်းတွင် ထိုင်းနိုင်ငံလုပ်ငန်းခွဲအနေဖြင့် လာရောက်လုပ်ကိုင်နေသော True Money Myanmar နှင့်ပူးပေါင်းပြီး မိုဘိုင်းငွေကြေးစနစ်တစ်ခုကို မကြာမီ စတင်မိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။

AGD ဘဏ်မှ တာဝန်ရှိသူ ဦးပြည်စိုးထင်က "ကျွန်တော်တို့က True Money နဲ့ပေါင်းပြီး မိုဘိုင်းမန်းနီးနဲ့ဆင်တူတဲ့ Business model တစ်ခုကိုလုပ်ဖို့စဉ်းစားတာပါ။ လုပ်နေတာကတော့ နှစ်လ၊ သုံးလလောက် ရှိနေပါပြီ။ Target ကတော့ နောက်သုံးလလောက်အတွင်းထားပေမယ့် အခြေအနေကို စောင့်ကြည့်နေတာမို့ သေချာတော့ ပြောလို့မရပါဘူး။ ဆော့ဖ်ဝဲပိုင်း၊ နည်းပညာပိုင်းကျတော့ True ဘက်က များပါတယ်။ True ဘက်ကလည်း True Money ထိုင်းဘက်နဲ့ ပူးပေါင်းဖို့ရှိတယ်။ ကျွန်တော်တို့ကတော့ လောလောဆယ် ပြည်တွင်းကိုပဲ စလုပ်မှာပါ။ ပြည်တွင်းအေးဂျင့်တွေနဲ့ပေါင်းပြီး ကျွန်တော်တို့ ဘဏ်ခွဲတွေမှာလည်း True Money ရဲ့ကောင်တာတွေထားပြီး လုပ်နေပါတယ်"ဟုပြောသည်။

True Money မိုဘိုင်းငွေကြေးစနစ်၏ အားသာချက်များနှင့်ပတ်သက်၍ "ဒီမိုဘိုင်းမန်းနီးရဲ့ အားသာချက်တစ်ခုက အေးဂျင့်တွေက ဘဏ်ခွဲတွေမရှိတဲ့နေရာမျိုးမှာ ရှိနေနိုင်ပြီး ငွေလွှဲချင်တဲ့သူတွေ အဆင်ပြေမယ်။ ဥပမာ ထိုင်းမှာသွားလုပ်နေတဲ့သူတွေအနေနဲ့ သူတို့နေတဲ့မြို့နားမှာ ဘဏ်ခွဲမရှိရင် အေးဂျင့်ဆီသွားပြီး ငွေလွှဲလို့ရမှာပါ။ လက်ရှိကတော့ Inbound ပဲ လက်ခံပါတယ်။ ပြည်ပကနေ ပြည်တွင်းကိုလွှဲတာမျိုးပေါ့၊ နောက်ပိုင်း Outbound ရလာရင်လည်း ကျွန်တော်တို့ဘက်ကတော့ အဆင်ပြေပါတယ်။ ဒါကတော့ ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်အပေါ်မူတည်ပြီး တိုးချဲ့မှာပါ"ဟု ဦးပြည်စိုးထင်က ဆက်ရှင်းပြသည်။

လက်ရှိအချိန်တွင် မိုဘိုင်းငွေကြေးစနစ်ဝန်ဆောင်မှုအပါအဝင် မီတာနှင့် စည်ပင်အခွန်အခများ ပေးဆောင်မှုအတွက်ပါ ဝန်ဆောင်ပေးနိုင်မည့် True Money ၏ အေးဂျင့် ၁၀၀၀ နီးပါး ရှိနေပြီဖြစ်ပြီး လာမည့်လပိုင်းအတွင်း အေးဂျင့် ၃၀၀၀ နီးပါး၊ ယခုနှစ်ကုန်တွင် အေးဂျင့် ၆၀၀၀ နီးပါးအထိ တိုးချဲ့သွားရန် စီစဉ်ထားကြောင်း သိရသည်။

True Money Myanmar ကုမ္ပဏီလီမိတက်မှ မန်းနေးဂျင်း ဒါရိုက်တာ ကိုထွန်းထွန်းလင်းက "ကျွန်တော်တို့မှာက product သုံးမျိုးရှိတယ်။ E-top up အတွက် အခုလောလောဆယ်မှာ MPT တို့ MEC တို့နဲ့ ချိတ်ဆက်လုပ်နေတယ်။ ပြီးတော့ အူရီဒူး၊ တယ်လီနော တို့နဲ့လည်း စမ်းပြီးလုပ်နေတယ်။ နောက်မီတာဘေလ်တို့၊ စည်ပင်ဘေလ်ဆောင်တာတွေကျတော့ True Money ကောင်တာတွေမှာ အခုဆောင်လို့ရပြီ။ ပြီးတော့ နောက်ဆုံးလုပ်ထားတာက မိုဘိုင်းမန်းနီးပေါ့။ ဒါကိုတော့ AGD ဘဏ်နဲ့ ပေါင်းပြီးလုပ်နေတယ်။ အားလုံးပြီးရင် Launch လုပ်သွားမှာပါ"ဟု ပြောသည်။

"အေးဂျင့်တွေကို အဓိကတိုးချဲ့ပြီး ငွေလွှဲကို သေချာလုပ်မှာပါ။ ကျွန်တော်တို့မှာ True Money ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ နောက် ၂၀၁၇ ဆိုရင် မလေးရှားတို့၊ စင်ကာပူတို့မှာပါ ရှိလာတော့မယ်။ ဒါပေမယ့် ပြည်ပကနေ ပြည်တွင်းကို ငွေလွှဲပဲ။ နောက်ပိုင်း ဗဟိုဘဏ်သတ်မှတ်ချက် အပြောင်းအလဲရှိရင်တော့ တစ်မျိုးပေါ့။ လက်ရှိကတော့ မိုဘိုင်းမန်းနီးစနစ်ကို မိတ်ဆက်နိုင်ဖို့ ကြိုးစားနေတယ်။ ပြည်တွင်းကို ပြည့်စုံအောင်လုပ်နိုင်ရင် ပြည်ပကနေ ပြည်တွင်းကို ငွေလွှဲတာကိုပါ ဆက်လုပ်သွားမှာပါ"ဟု ကိုထွန်းထွန်းလင်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် အေးဂျင့်အဖြစ် ဆောင်ရွက်လိုသူများကိုလည်း ဖိတ်ခေါ်လျက်ရှိပြီး ကောလ်စင်တာနံပါတ် ၀၁-၂၃၀၅၃၆၀ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

**New Product**

## ဈေးနှုန်းချိုသာတဲ့ Newings N7 စမတ်ဖုန်းသစ်

တရုတ်နိုင်ငံထုတ် အမှတ်တံဆိပ်သစ်တစ်ခုဖြစ်တဲ့ Newings ရဲ့စမတ်ဖုန်းသစ် N7 ဟာ မကြာမီမှာ ပြည်တွင်းဈေးကွက်ကို စတင်ဝင်ရောက်တော့မယ့် ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး ဈေးနှုန်းချိုသာတဲ့အပြင် အရည်အသွေးပိုင်းမှာလည်း အတော်လေးကောင်းမွန်နေတာ တွေ့ရပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးတဲ့ဖုန်းဖြစ်ပြီး Resolution က 1280x720 pixels ရှိပါတယ်။ မိုဘိုင်းနက်ဝပ်က GSM နဲ့ WCDMAဖြစ်ပြီးအင်တာနက်အတွက် 4G(LTE)အထိ ထောက်ပံ့ပေးထားပါတယ်။ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အန်းဒရွိုက်ဗားရှင်းက 5.1 (Lollipop) ကို အသုံးပြုထားပါတယ်။ RAM 2GB နဲ့ မင်မိုရီက 16GB ပါဝင်ပြီး မင်မိုရီကတ်ကို 32GB အထိ ထပ်စိုက်ပြီးသုံးလို့ရပါတယ်။ ကင်မရာပိုင်းမှာတော့ ၅ မဂ္ဂါပစ်ဇယ် ရှေ့ကင်မရာနဲ့ ၁၃ မဂ္ဂါပစ်ဇယ် နောက်ကင်မရာတွေ ပါဝင်ပါတယ်။ ဘက်ထရီပိုင်းမှာ လည်း 3400mAh ရှိတဲ့ Lithium ဘက်ထရီကို သုံးထားလို့ အချိန်ကြာမြင့်စွာ သုံးနိုင်မှာဖြစ်ပါတယ်။

Finger Print စနစ်လည်း ပါဝင်နေပြီး ဖုန်းကို လော့ခ်ချတဲ့အခါ Finger Print အပြင် Patten Lock တွေကိုပါ ရွေးနိုင်တွေကတော့ Newings N7 ရဲ့အဓိက အားသာချက်ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကို စတင်ဖြန့်ဖြူးတဲ့အချိန်မှာ ဈေးနှုန်းအနေနဲ့ ကျပ် ၁၈၀၀၀၀ ဝန်းကျင်သာ ရှိမှာဖြစ်ပြီး အာမခံက တစ်နှစ်ပါဝင်မယ်လို့ သိရပါတယ်။

**သူရဖြိုး**




## တယ်လီနော၏ တတိယအကြိမ် အထူးနံပါတ်လေလံကို တောင်ကြီးမြို့တွင် ပြုလုပ်မည်

**ရန်ကုန် မေ ၂၇**

တယ်လီနော၏ အထူးနံပါတ်အရေအတွက် ၈၀ ပါဝင်ရောင်းချမည့် တတိယအကြိမ် လေလံပွဲကို တောင်ကြီးမြို့ ရှိုင်ရယ်တောင်ကြီးဟိုတယ်၌ မေ ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးနံပါတ်များအဖြစ် ၀၉-၇၉ ၉၀၉၉၉၉၀၊ ၀၉-၇၇ ၇၇၇၇၇၀၀၊ ၀၉-၇၈၈၈၈ ၉၀၀၀ စသည့် နံပါတ်များအပါအဝင် ၀၉-၇၇၊ ၀၉-၇၈၊ ၀၉-၇၉ တို့ဖြင့် စတင်သော နံပါတ်အလှများ ပါဝင်မည်ဖြစ်ကြောင်း၊ ဖုန်းနံပါတ်တစ်ခုအတွက် ကြမ်းခင်းဈေးနှုန်းကို ယခင်ပြုလုပ်ခဲ့သည့် လေလံပွဲများအတိုင်း ကျပ်သိန်း ၃၀ သတ်မှတ်ထားကြောင်း၊ လေလံပွဲမှရရှိမည့် အကျိုးအမြတ်များကို ရှမ်းပြည်နယ်ရှိ ဓမ္မဝိဒူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ကျောင်းအသစ်ဆောက်လုပ်ရန်နှင့် ရေမော်တာများတပ်ဆင်ရန်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောက ရန်ကုန်နှင့် မန္တလေး၌ ပထမနှင့် ဒုတိယအကြိမ်အဖြစ် ပြုလုပ်ခဲ့သော လေလံပွဲများတွင် ကျပ် ၄၈၃၅ သိန်းနှင့် ၃၅၇၉ သိန်း အသီးသီး ရရှိခဲ့ပြီး ရန်ကုန်လေလံပွဲမှ ကျပ် ၃၁၈၃ သိန်းကို မြန်မာရွှေလျှားစာသင်ကျောင်းအစီအစဉ်(myME) သို့လည်းကောင်း၊ မန္တလေးလေလံပွဲမှ ကျပ် ၂၂၈၉ သိန်းကို ကွမ်းခြံကုန်းရှိ မြတ်လေးရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပဲခူးရှိ သခ်ရိုင်မိဘမဲ့ဂေဟာသို့လည်းကောင်း လှူဒါန်းခဲ့သည်။

**သူရဖြိုး**




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
၂၀၀,၀၀၀ ကျပ်
၂,၀၀၀,၀၀၀ ကျပ်
၂၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
သုံးစွဲသူ သန်း ၂၀ ကို ယှိုက်လှဲစွာကျေးဇူးတင်ပါတယ်
MPT သုံးစွဲသူ သန်း (၂၀) ပြည့် အထိမ်းအမှတ်
ဆုလက်ဆောင်များ
ငွေဖြည့်ပမာဏ (၂)သန်းထိ ကံထူးနိုင်ဖို့
20 ဟုရိုက်ပြီး 2222 သို့ အခမဲ့ SMS ပေးပို့ခြင်းဖြင့် ပျော်ရွှင်စွာပါဝင်လိုက်ကြပါစို့
SMS ပေးပို့သူတိုင်း ဆုလက်ဆောင်များ ရရှိပါမည်။
အပိုဆုငွေ ၂,၀၀၀,၀၀၀ ကျပ် ကံထူးသူများသည် ၅ နှစ်ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁,၀၀၀,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁,၀၀၀,၀၀၀ ကျပ်
အပိုဆုငွေ ၂၀၀,၀၀၀ ကျပ် ကံထူးသူများသည် ရက်ပေါင်း ၃၆၀ ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁၀၀,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁၀၀,၀၀၀ ကျပ်
အပိုဆုငွေ ၂၀,၀၀၀ ကျပ် ကံထူးသူများသည် ရက်ပေါင်း ၆၀ ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁၀,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁၀,၀၀၀ ကျပ်
အပိုဆုငွေ ၂,၀၀၀ ကျပ် ကံထူးသူများသည် ၁၀ ရက်ကြာ အသုံးပြုနိုင်ပါသည်။
ဖုန်းခေါ်ဆိုမှု အတွက် ၁,၀၀၀ ကျပ် နှင့် အင်တာနက်အတွက် ၁,၀၀၀ ကျပ်
အပိုဆုငွေ ၂၀၀ ကျပ် ကံထူးသူများသည်ဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်အတွက် ၅ ရက် ကြာ အသုံးပြုနိုင်ပါသည်။
MPT ၏ Prepaid/Postpaid GSM/WCDMA/CDMA မိုဘိုင်းဖုန်းအသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်။
ပရိုမိုးရှင်းကာလမှာ ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်နေ့မှ ဇွန်လ ၂ ရက် နေ့ထိ ဖြစ်ပါသည်။
ပါဝင်ကံစမ်းသူများအနေဖြင့် ပရိုမိုးရှင်းကာလ အတွင်း ကံစမ်းခွင့် SMS တစ်စောင်သာ ပေးပို့ခွင့်ရှိပါသည်။
ဆုလက်ဆောင်များကို ဇွန်လ ၂ ရက်နေ့နောက်ပိုင်းတွင် SMS ပေးပို့ပြီးအကြောင်းကြားပေးပါမည်။
ကံထူးသူများသည် အပိုဆုငွေများဖြင့် MPT အချင်းချင်းဖုန်းခေါ်ခြင်း၊ Mobile data အသုံးပြုခြင်း၊ ပရိုမိုးရှင်း Package ဝယ်ယူခြင်းများကို အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday


ပိုမိုတည်ဆောက်နိုင်သော မြန်မာဖြစ်စေရန်
ကူညီပံ့ပိုးပေးပါသည်
make.mm-bosch.com
ကျွန်ုပ်တို့လုပ်ငန်း၏ အားသာသောအောင်မြင်မှုသော့ချက်သည် တီထွင်ဆန်းသစ်မှုရှိခြင်းနှင့် အရည်အသွေးမြင့်မားသောထုတ်ကုန်များဖြစ်သည်။ ဘော့ရှ်၏ လျှပ်စစ်အားသုံး လုပ်ငန်းသုံးစက်ကိရိယာများနှင့် အပိုပစ္စည်းများကို လုံခြုံစိတ်ချပြီး သက်တမ်းရှည်ကြာသုံးစွဲနိုင်ရန် တီထွင်ထုတ်လုပ်ထားခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်ကူညီလျက်ရှိပါသည်။
ကျွန်ုပ်တို့၏ စက်မှုနည်းပညာများဖြင့် လူနေမှုဘဝများခေတ်မီတိုးတက်စေရန် ပံ့ပိုးပေးပါသည်။
BOSCH
ဘဝတစ်သက်တာစက်မှုနည်းပညာ

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၅-၅-၂၀၁၆ရက်မှ ၃၁-၅-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၃၁-၅-၂၀၁၆ရက် ညနေ ၄ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂) ဒဂုံ(မြောက်ပိုင်း)မြို့နယ်တွင် အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂)ကို ၃-၆-၂၀၁၆ရက်တွင် ဖွင့်လှစ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၉၈၀၈၆၄၀၊ ၀၉-၄၂၁၁၂၄၉၆၇**
**အမှတ်(၁-ဧ) မြဝတီမင်းကြီးလမ်း၊ ၅၁-ရပ်ကွက်၊ မြောက်ဒဂုံ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ချင်းပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်နယ်စီမံကိန်းရုံး ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ်၊ မတူပီမြို့နယ် ရုံး ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ်နှင့် ဖလမ်းခရိုင်ဝန်ထမ်းအိမ်ရာမြေထိန်းနံရံတစ်ခုစသည့်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ထုတ်ယူမည့်ရက်** - ၂၆-၅-၂၀၁၆ရက်
၃။ **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၅-၆-၂၀၁၆ရက် ၁၆း၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - ၃၀-၆-၂၀၁၆ရက်
၅။ **တင်ဒါဖွင့်မည့်နေရာ** - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟားခါးမြို့
၆။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၇၀-၂၁၆၀၁သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သော ၆၆/၃၃၊ ၆၆/၁၁၊ ၃၃/၁၁ ကေဗွီထရန်စဖော်မာများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ပြီး တင်ဒါအမှတ်- 8 to 14(T)/ESE/2016-2017 တို့ဖြင့် တင်ဒါခေါ်ယူထားပြီးဖြစ်ပါသည်။

ယင်းတင်ဒါများတွင် နည်းပညာဆိုင်ရာ အချက်အလက် ပြောင်းလဲခြင်းကြောင့် တင်ဒါပိတ်ရက်အား အောက်ပါအတိုင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၃၁-၅-၂၀၁၆ ရက်အစား ၁၅-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေလုံးငွေရင်းဖြင့် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)နှင့် သမဝါယမကောလိပ် (ဖောင်ကြီး/မန္တလေး)တို့အတွက် ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါစနစ်ဆောင်ရွက်လိုပါသဖြင့် ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အကြောင်းကြားပါသည်။

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး(ငွေစာရင်းဌာနခွဲ)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် ၆-၆-၂၀၁၆ ရက်မှ ၁၀-၆-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းများနှင့်အညီ တင်ဒါအဆိုပြုလွှာများအား ၂၀-၆-၂၀၁၆ ရက် ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်း နောက်ဆုံးထားတင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါတင်သွင်းသူများ ရှေ့မှောက်၌ တစ်ပါတည်းဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၀၄၅၉၊ ၀၆၇-၄၁၀၃၃၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနရှိ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် အောက်ပါစက်ဆီ၊ ချောဆီ(၄)မျိုး ဝယ်ယူလိုပါသည်။

(က) UAE အင်ဂျင်ဝိုင် - (၂)ပီပါ
(ခ) PTT အင်ဂျင်ဝိုင် - (၃၀)လီတာ
(ဂ) Auto အင်ဂျင်ဝိုင် - (၃၅)လီတာ
(ဃ) ဘရိတ်ဆီ - (၁၃၀)လီတာ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၆ ရက် ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကက်သုတ်ကြေးနီ (၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈နှင့် ၀၆၇-၄၀၉၀၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲအသီးသီးတွင် လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့/ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇- ၄၃၁၁၂၀ နှင့် ၀၆၇-၄၃၁၁၁၃ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာစတင် ရောင်းချမည့်ရက်** - ၂၆-၅-၂၀၁၆ ရက်၊ နံနက် ၉း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၆-၆-၂၀၁၆ ရက်၊ ညနေ ၃း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဘောလခဲခရိုင်၊ ဘောလခဲမြို့တွင် ခရိုင်ဦးစီးမှူးရုံး(ပေ၆၀× ပေ၄၀×၂၈ပေ) [RCC (၂)ထပ်(သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာ အပါအဝင်] အဆောက်အအုံအတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ရက်မှ ၅-၆-၂၀၁၆ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၀-၆-၂၀၁၆ရက်မှ ၁၇-၆-၂၀၁၆ရက်
(ဂ) **တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမှတ်(၁၄/ခ)၊ သမိန်ထောလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့

၂။ အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဖုန်း-၀၈၃-၂၂၀၇၉၊ ၀၉-၄၉၄၀၀၉၅၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါဆောက်လုပ်ရေးလုပ်ငန်းကိုဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ရုံးအဆောက်အအုံ(၆၀×၄၅×၂၅)ပေ RC(၂)ထပ်(ရေ၊ မီး၊ မိလ္လာ)အပါအဝင် တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၆-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၆ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဖုန်း-၀၇၀-၂၂၃၅၇၊ ၀၉-၂၅၇၁၀၉၇၀၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**
**ချင်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ချောင်းမ-လင်းကတောလမ်းအထူးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ချောင်းမ-လင်းကတော-ပခုက္ကူလမ်း(ချောင်းမ-ယင်းမာပင်အပိုင်း)အား ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို (လုပ်ငန်းခွင်အရောက်ပို့စနစ်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ လမ်းခင်းကျောက်ရှယ်စုံ
၂။ မြစ်ကျောက်စရစ်
၃။ သဲ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ချောင်းမ-လင်းကတောလမ်း မိုင်တိုင်(၆/၀)ရှိ လုပ်ငန်းခွင်အင်ဂျင်နီယာရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၅၃၀၇၃၆၃၁၊ ၀၉-၄၃၂၀၈၁၇၁**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးချုပ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော အဆောက်အအုံနှင့် အခြားတည်ဆောက်မှုလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | အမျိုးအစား | အရွယ်အစား | အရေအတွက် |
|---|---|---|---|
| ၁။ | နေပြည်တော်၊ ရုံးအမှတ် ၄၃၊ အစည်းအဝေး ခန်းမဆောင် (သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း)RC(၁)ထပ် Streel Structure | (၉၆'×၄၀'×၁၂') | ၁ လုံး |
| ၂။ | နေပြည်တော်၊ ရုံးအမှတ် ၄၃၊ ရုံးချုပ်တိုးချဲ့ဆောင်ဆောက်လုပ်ခြင်း RC (၁)ထပ်(မြေပြုပြင်ခြင်းအပါအဝင်) | (၅၀'×၃၀'×၁၂') | ၁ လုံး |
| ၃။ | နေပြည်တော်၊ ပျဉ်းမနားစိုက်သိပ္ပံ၊ ဓာတ်ခွဲခန်း အရာထမ်းနေအိမ်/ဓာတ်ခွဲခန်းတာဝန်ခံနေအိမ် RC(၁)ထပ် | (၆၀'×၃၀'×၁၂') | ၂ လုံး |
| ၄။ | နေပြည်တော်၊ ပျဉ်းမနားစိုက်သိပ္ပံ၊ အအေးခန်း သိုလှောင်ရုံ RC (၁)ထပ် | (၈၀'×၃၅'×၁၅') | ၁ လုံး |
| ၅။ | နေပြည်တော်၊ ပျဉ်းမနားစိုက်သိပ္ပံ၊ ဓာတ်ခွဲခန်းအဝင် ကျောက်စီရေမြောင်းပြုလုပ်ခြင်း | (၆၀'×၄'×၄') | ၁ ခု |
| ၆။ | နေပြည်တော်၊ ပျဉ်းမနားစိုက်သိပ္ပံ၊ မျိုးစေ့သန့်စင်စက်ရုံ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း | - | ၁ ခု |
| ၇။ | နေပြည်တော်၊ ပျဉ်းမနားစိုက်သိပ္ပံ၊ Box Colvert (၄)ခုနှင့် ကွန်ကရစ်လမ်းခင်းခြင်း | (၆၀၀'×၁၀'×၆") | ၁ ခု |
| ၈။ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဒိုးကွင်ခြံ၊ ဓာတ်ခွဲခန်းအဆောက်အအုံ(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း) | (၅၀'×၃၀'×၁၂') | ၁ လုံး |
| ၉။ | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံကခြံ၊ (၄")စက်ရေတွင်း (၆၀၀)ပေအနက်တူးဖော်ခြင်းနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း | - | ၂ တွင်း |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်(၁)ခြံ၊ (၄")စက်ရေတွင်း (၃၀၀)ပေ အနက်တူးဖော်ခြင်းနှင့် ဂါလန်(၈၀၀)ဆံ့ (၆၀)ပေအမြင့် သံရေစင်ဆောက်လုပ်ခြင်း | - | ၁ လုပ်ငန်း |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူသရက်ခြံ၊ (၂")ရေတွင်း (၃၅၀)ပေအနက်တူးဖော်ခြင်း | - | ၃ တွင်း |
| ၁၂။ | နေပြည်တော်၊ ပျဉ်းမနား(၄")ရေတွင်း (၄၈၀)ပေ အနက်နှင့် ကွန်ကရစ်ရေသွင်းမြောင်း (၂၃၀၀)ပေဆောက်လုပ်ခြင်း | - | ၁ လုပ်ငန်း |
